မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက် ၂၀၂၆ ခုနှစ်၊ သြဂုတ် ၆ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၅)၊ အမှတ်(၃၀၅)

ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၄)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် သြဂုတ် ၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံးဝန်ကြီး ဦးခင်မောင်ရီ၊ သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန် ကက်သလစ်ဂိုဏ်းချုပ် သာသနာလက်ထောက်ဆရာတော်ကြီး နိုအယ်စောနောအေး၊ ကျိုင်းတုံ၊ မော်လမြိုင်၊ ပုသိမ်၊ ပြည်နှင့် မြစ်ကြီးနားတို့မှ ကက်သလစ်ဂိုဏ်းအုပ် ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ကင်းတပ်လက်ဝဲတူးမြောင်း လက်တံ အမှတ်(၃)၊ အမှတ်(၄)၊ အမှတ်(၅)မြောင်းတို့မှ စိုက်ပျိုးရေဖြန့်ဝေမှုဖြင့် မိုးသီးနှံ မြေပဲ၊ ပဲစင်းငုံ၊ နေကြာနှင့် မိုးစပါးများ စိုက်ပျိုး

မုံရွာ သြဂုတ် ၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကင်းတပ် လက်ဝဲတူးမြောင်း လက်တံအမှတ်(၃)၊ အမှတ်(၄)၊ အမှတ်(၅)မြောင်းတို့မှ စိုက်ပျိုးရေဖြန့်ဝေမှုဖြင့် ဒေသခံတောင်သူများသည် မိုးသီးနှံ မြေပဲ၊ ပဲစင်းငုံ၊ နေကြာနှင့် မိုးစပါးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဒေသခံတောင်သူများ၏ စိုက်ခင်းများနှင့် ကင်းတပ်တူးမြောင်းမှ စိုက်ပျိုးရေပေးဝေမှုတို့ကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး

စာမျက်နှာ ၇ ကော်လံ ၅ ❍

စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် သြဂုတ် ၅

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/၉လ

ကိုးတိန်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း ကျောင်းပေါင်း ၁၁၅ ကျောင်းနှင့် ကျောင်းသား ကျောင်းသူ ၁၃၀၆၂ ဦး ပညာသင်ကြားပေးလျက်ရှိ

တီးတိန် သြဂုတ် ၅

တီးတိန်မြို့နယ်တွင် ၂၀၂၆-၂၀၂۷ ပညာသင်နှစ်အတွင်း အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ၁၁၅ ကျောင်းဖွင့်လှစ်ထားရှိပြီး ဆရာ ဆရာမ ၆၈၇ ဦးတို့က ကျောင်းသား ကျောင်းသူ ၁၃၀၆၂ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ အစိုးရ စက်မှုလက်မှုသိပ္ပံ(တီးတိန်)၌ လက်တွေ့သင်ကြားနေမှုများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ကြည့်ရှုအားပေးပြီး နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်သော ကျောင်းသား ကျောင်းသူများသည် ဗဟုသုတနှင့် ပြည့်စုံရမည်ဖြစ်ကြောင်း၊ Grade 10 မှစ၍ စက်မှုပညာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးများကို ရွေးချယ်သင်ကြားနိုင်အောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးထားသဖြင့် မိမိတို့ဝါသနာပါသည့်

စာမျက်နှာ ၇ ကော်လံ ၁ ❁

ယနေ့ ဖတ်စရာ

အရည်အသွေးကို အခြေခံသော ပညာရေးစနစ်၊ နိုင်ငံတကာအသိအမှတ်ပြုမှုနှင့် လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အပိုင်း(၁) ဆောင်းပါး ◆ စာ ◆ ၆

တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူခြင်းမှသည် ပျော်ရွှင်လှပ လူမှုဘဝများဆီသို့ ... ဆောင်းပါး ◆ စာ ◆ ၁၀

အင်ဒိုနီးရှားက ရုရှားထံမှ ရေနံစိမ်းတင်သွင်းနိုင်ရေး ကာလရှည်စာချုပ်ချုပ်ဆိုရန် ပြင်ဆင် စာ ◆ ၁၄

အဆုံးအမတရားတော်တို့နှင့်အညီ

ကမ္ဘာတစ်ခွင် သတင်းမြင်ကွင်းများကိုကြည့်လျှင် ငြိမ်းချမ်းခြင်း၊ ငြိမ်သက်ခြင်းတို့ အလျှဉ်းမရှိသည့် လောကဓာတ်သဘောကို ပြက်ပြက်ထင်ထင်မြင်တွေ့ကြရမည်ဖြစ်သည်။ နေရပ်စွန့်ခွာမှုများ၊ ဆူပူအုံကြွမှုများ၊ ပစ်ခတ်တိုက်ခိုက်မှုများ၊ စစ်ရေးလေ့ကျင့်မှုများ၊ အင်အားပြိုင်ဆိုင်မှုများ၊ လက်နက်မြှင့်တင်မှုများ စသည်တို့က အပေါ်ယံမြင်တွေ့နေရသည့် မြင်ကွင်းများသာဖြစ်ကြသည်။ တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခြင်းတို့၏ မမြင်မတွေ့နိုင်သည့် အကြောင်းရင်းခံမှာ လိုချင်တပ်မက်ခြင်း လောဘ၊ အလိုအတိုင်းမရပါက မုန်းခြင်း၊ အမျက်ထွက်ခြင်းဟူသော ဒေါသ၊ တရားအမှန်ကို သိနိုင်ခြင်းမရှိသည့် မောဟတို့ဖြစ်ပြီး အတွင်းမီးများ ပင်ဖြစ်သည်။

လူ့သမိုင်းအစမှာကတည်းက လောဘ၊ ဒေါသ၊ မောဟ မီးသုံးပါး အကြောင်းခံဖြင့် တစ်ဦးကိုတစ်ဦးက အနိုင်အထက်ပြုကြသည်။ သူ့ပိုင်ဆိုင်မှုကို ကိုယ့်ပိုင်ဆိုင်မှုဖြစ်အောင် လုယက်ရယူကြသည်။ တစ်ဦးအပေါ် တစ်ဦးမနာလိုခြင်း၊ မုန်းတီးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းတို့ ပြုကြသည်။ တစ်ပြည်ထောင်နှင့်တစ်ပြည်ထောင် စစ်မက်ပြုကြ တိုက်ခိုက်ဖျက်ဆီးကြသည်။ လူ့ယဉ်ကျေးမှုတို့ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်လာခဲ့ပြီးနောက် လူတို့ကိုးကွယ်ရာ ဘာသာတရားတို့ ပေါ်ပေါက်လာကြသည်။

ဘာသာတရားတို့က ဆိုင်ရာဘာသာတရားအသီးသီးကို ကိုးကွယ်သူလူသားတို့အား မကောင်းမှုဟူသမျှ လုံးဝမပြုလုပ်ကြရန်၊ ကောင်းမှုဟူသမျှအားလုံးပြုကြရန်၊ စိတ်နှလုံးကိုစင်ကြယ်သန့်ရှင်းအောင် ဆောက်တည်ကြရန် ဆုံးမထားကြသည်။ ဘာသာတရားတို့၏ အဆုံးအမများကိုအနှစ်ချုပ်လျှင် ဤသုံးချက် အတူတူပင်ဖြစ်သည်။ လူသားတို့ ကိုးကွယ်ရာ ဘာသာကြီးအားလုံးတို့က သည်းခံရေး၊ ခွင့်လွှတ်ရေး၊ ရန်ငြိုးမဖွဲ့ရေး၊ ညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ အတူလက်တွဲနေထိုင်ရေးတို့ကို ညွှန်ပြဆုံးမထားစေကာမူ ကမ္ဘာလောကကြီးမှာ စစ်ပွဲကြီးများ၊ လက်နက်ကိုင် ပဋိပက္ခများ၏ခြိမ်းခြောက်မှုကို နေ့စဉ်ခံစားနေကြရသည်။

ယနေ့ မိမိတို့နိုင်ငံသည်လည်း နိုင်ငံသူနိုင်ငံသားတို့ လိုလားတောင့်တနေကြရသည့် တည်ငြိမ်အေးချမ်းရေး၊ ငြိမ်းချမ်းရေးတို့ နိုင်ငံတစ်ဝန်းလုံး၌ လွှမ်းခြုံကျရောက်နိုင်စေရန် ကြိုးပမ်းအားထုတ်နေကြရသည်။ သဘောထားကွဲလွဲမှုများနှင့် လိုလားချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့် မဖြေရှင်းဘဲ နိုင်ငံရေးလမ်းကြောင်းမှတစ်ဆင့် နိုင်ငံရေးနည်းလမ်းဖြင့်သာ အေးချမ်းစွာအဖြေရှာရန် တိုက်တွန်းဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) အားလုံးကို တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်လျက်ရှိသည်။

“ယခုအချိန်တွင် တိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် နိုင်ငံသစ်ကို အတူတကွတည်ဆောက်ကြရန်လိုပြီး နိုင်ငံတစ်ဝန်းလုံး အမြန်ဆုံးတည်ငြိမ်အေးချမ်းစေရန် ငြိမ်းချမ်းရေးကို တည်ဆောက်သည့်နေရာတွင် မဖြစ်နိုင်သည်များကို တောင်းဆိုနေမည့် အစား ခေတ်စနစ်နှင့်ကိုက်ညီသည့် ဖြစ်သင့်၊ ဖြစ်နိုင်သည်များကိုသာ ညှိနှိုင်းတောင်းဆိုကြရန်လိုအပ်ကြောင်း၊ ထာဝရငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည့်တာဝန်သည် အစိုးရမှာပင်တာဝန်ရှိသည် မဟုတ်ဘဲ အစိုးရ၊ တပ်မတော်၊ လွှတ်တော် စသည့် အင်စတီကျူးရှင်း အားလုံးတွင် တာဝန်ရှိသည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်သည့်နေရာတွင် အားလုံးတတ်စွမ်းသရွေ့ ပူးပေါင်း ဆောင်ရွက်ပေးကြရန် အလေးအနက်ထား ပြောကြားလိုကြောင်း” နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ထို့အပြင် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ဥက္ကဋ္ဌ ကာဒီနယ်ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား သြဂုတ် ၅ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတရုံး၌ လက်ခံတွေ့ဆုံပြီး ဘာသာရေးလွတ်လပ်ခွင့်၊ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် လူမှုသဟဇာတဖြစ်ထွန်းရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးရာတွင် ဘာသာရေးခေါင်းဆောင်များ အနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတော်ငြိမ်းချမ်းသာယာရေးအတွက် ဘာသာတရား၏အဆုံးအမများဖြင့် ဆက်လက်ပံ့ပိုးပေးရန် နိုင်ငံတော်သမ္မတက တိုက်တွန်းမေတ္တာရပ်ခံခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများစွာ စုပေါင်းနေထိုင်ကြပြီး မိမိတို့ယုံကြည်ရာ ဘာသာတရားတို့ကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ပေးထားသည့် နိုင်ငံဖြစ်သည်။ ယနေ့ မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများ စသည်တို့မှာ ဘာသာတရားအဆုံးအမများနှင့်အညီ ငြိမ်းချမ်းစွာဖြေရှင်းနိုင်သည့် ကိစ္စများဖြစ်သည်။ အသက်နှင့်ခန္ဓာများ၊ အိုးအိမ်ဥစ္စာပစ္စည်းများ စသည်တို့ ပျက်စီးဆုံးရှုံးမှုတို့မဖြစ်စေဘဲ ဆောင်ရွက်နိုင်သည့်အရေး အရာများဖြစ်သည်။ ပဋိပက္ခ အနိဋ္ဌာရုံတို့ကိုရှောင်ရှား၍ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ နိုင်ငံတော်ငြိမ်းချမ်းသာယာရေးတို့အတွက် ဘာသာသာသနာတို့၏ အဆုံးအမများနှင့်အညီ ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH

ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ သြဂုတ်လ

ပထမပတ် - မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

၅ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၆၉၅၀၀၀ ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂۶ ခုနှစ်၊ သြဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

“ Different Contexts, Common Aspirations ”

“ နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား ”

တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် သြဂုတ် ၅

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့် ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/၉လ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆ - ၈ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၃၆၄၀	၃၇၇၅	၃၇၃၅	၃၆၅၅	၃၇၈၅	၃၈၀၀	၃၈၂၅	၃၇၂၀	၄၀၄၀	၄၀၈၀	၃၇၄၀	၃၈၅၅	၃၈၂၀	၃၇၈၅	၃၈၀၀	၄၀၃၅
95 Ron	၃၆၈၅	၃၈၂၅	၃၇၈၀	၃၇၀၀	၃၈၃၀	၃၈၄၅	၃၈၇၀	၃၇၆၅	၄၀၈၅	၄၁၂၅	၃၇၈၅	၃၉၄၀	၃၈၇၀	၃၈၃၀	၃၈၄၅	၄၀၈၅
HSD (500 ppm)	၃၉၈၅	၄၁၁၅	၄၀၇၅	၄၀၀၀	၄၁၂၀	၄၁၃၅	၄၁၆၀	၄၀၆၀	-	၄၄၀၅	၄၀၈၀	၄၅၇၀	၄၁၆၀	၄၁၂၀	၄၁၃၅	၄၃၆၅
HSD (50 ppm)	၄၈၃၀	၄၉၆၅	၄၉၂၅	၄၈၄၅	၄၉၇၀	၄၉၉၀	၅၀၁၅	၄၉၁၀	၅၂၃၀	၅၂၇၀	၄၉၂၅	၅၀၉၅	၅၀၁၀	၄၉၇၀	၄၉၈၅	၅၂၂၅
HSD (10 ppm)	၄၈၃၀	၄၉၆၅	၄၉၂၅	၄၈၄၅	၄၉၇၀	၄၉၉၀	၅၀၁၅	၄၉၁၀		၅၂၇၀	၄၉၂၅	၅၀၉၅	၅၀၁၀	၄၉၇၀	၄၉၈၅	၅၂၂၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၄၄၆	၃၅၄၉
95 Ron	၃၄၉၁	၃၅၉၅
HSD (500 ppm)	၃၇၉၃	၃၈၉၉
HSD (50 ppm)	၄၅၅၈	၄၇၁၉
HSD (10 ppm)	၄၅၅၈	၄၇၁၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶၇- ၄၁၁၃၇၃၊ ၀၉-၂၅၄۶၂၅၄၇၇
၀۶၇- ၄၁၁၂၈၂၊ ၀၉-۶၈၀၅၈၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀۶၇-၃۶၁၄၂၊ **စာတည်းအဖွဲ့** ၀۶၇-၃۶၁၄၄၅၊ **ဖက်စ်** ၀۶၇-၃۶၁၄၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ဌေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄۶၂၂၁၊ ၀۶၇-၃۶၁၄၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈۶၀၄၅۶۶။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

E-paper

လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

“လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင် လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီး ရှိပါတယ်။”

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၃၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀) ပြည့်အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

❑ *ရှေ့ဖုံးမှ*

ထိုသို့တွေ့ဆုံရာတွင်ဦးစွာမြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ဥက္ကဋ္ဌက နှုတ်ခွန်းဆက်ဆုတောင်းစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတကြီးနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကြီးလေးသည့် နိုင်ငံတော်တာဝန်များကို အခက်အခဲနှင့် စိန်ခေါ်မှုများကြားမှ စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်လျက်ရှိမှုအပေါ် မိမိတို့အနေဖြင့် ဂုဏ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး ကက်သလစ်ဘာသာဝင်များအနေဖြင့် လွတ်လပ်စွာ ကိုးကွယ်မှုဖြင့် ဘာသာသာသနာ အကျိုးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် ကက်သလစ်ဘာသာဝင်များ ဝတ်ပြုဆုတောင်းခြင်းများ ပြုလုပ်နိုင်ရန်အတွက် နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့နယ်ရှိ မြေ၂ ဧကပေါ်တွင် ဘုရားကျောင်းဆောက်လုပ်ရန် ခွင့်ပြုပေးခဲ့မှုအပေါ် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် ကက်သလစ်ဘာသာဝင်များအနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ သမ္မတကြီးနှင့်တကွ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာ အေးချမ်းသာယာပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံ၌ ဘာသာတရားနှင့် ပတ်သက်၍ ယုံကြည်ရာ ဘာသာသာသနာများအလိုက် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများသို့ သွားရောက်လှူဒါန်းမှုများနှင့် လေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ကိုးကွယ်ရာဘာသာများအလိုက် ဝတ်ပြုမည့်နေရာများအနေဖြင့် သင့်တော်သည့် ခံ့ထည်ခမ်းနားမှုများ ရှိရန်လိုအပ်လျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း၊ နိုင်ငံ၏ သမိုင်းကြောင်းတွင် လေ့လာကြည့်မည်ဆိုပါကလည်း ကိုးကွယ်ရာဘာသာရပ်များအလိုက် သာသနာပြုနိုင်ရန်အတွက် မြေနေရာများ ခွင့်ပြုပေးခဲ့သည်ကို တွေ့မြင်သိရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်တွင်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❑ မိမိအနေဖြင့် ကိုးကွယ်ရာဘာသာသာသနာနှင့် ပတ်သက်၍ ခွဲခြားမှုများမထားရှိဘဲ ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်ရေး အားပေးလျက်ရှိ

❑ ဘာသာရေးဆိုင်ရာ ခေါင်းဆောင်နေရသူများအနေဖြင့်လည်း နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အတွေးအခေါ်များနှင့် စိတ်ဓာတ်များ ယဉ်ကျေးသိမ်မွေ့လာစေရေး၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်ရေး ဘာသာတရားမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြား

ကိုးကွယ်ရာဘာသာများအလိုက် ဝတ်ပြုမည့်နေရာများအနေဖြင့် သင့်တော်သည့် ခံ့ထည်ခမ်းနားမှုများ ရှိရန်လိုအပ်လျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရပါကြောင်း၊ နိုင်ငံ၏ သမိုင်းကြောင်းတွင် လေ့လာကြည့်မည်ဆိုပါကလည်း ကိုးကွယ်ရာဘာသာရပ်များအလိုက် သာသနာပြုနိုင်ရန်အတွက် မြေနေရာများ ခွင့်ပြုပေးခဲ့သည်ကို တွေ့မြင်သိရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်၏မြို့တော်ဖြစ်သည့် နေပြည်တော်တွင်လည်း ကိုးကွယ်ရာဘာသာအလိုက် အထွတ်အမြတ်ထားရာ ဘုရားကျောင်းများ တည်ဆောက်ရန်နှင့် ဝတ်ပြုရန်နေရာများအား ခံ့ခံ့ထည်ထည် ဖြစ်ပေါ်လာစေရေး မြေနေရာများကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ကိုးကွယ်ရာ ဘာသာသာသနာနှင့် ပတ်သက်၍ ခွဲခြားမှုများမထားရှိဘဲ ဘာသာတရားမှတစ်ဆင့် ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်ရေး အားပေးလျက်ရှိပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် စည်းကမ်းစနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန်လိုပြီး ဘာသာရေးအရ နိုင်ငံရေးအရ ငြိမ်းချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်၍လည်း မိမိအနေဖြင့် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်သမျှသော နည်းလမ်းမျိုးစုံဖြင့် တိုင်းပြည်ငြိမ်းချမ်းမှု ရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိအနေဖြင့် အတူယှဉ်တွဲနေထိုင်ကြသည့် လူဘောင်အဖွဲ့အစည်းတစ်ခုအတွင်း၌ ကြုံတွေ့လာသည့်ပြဿနာများကို ဒီမိုကရေစီနည်းလမ်းဖြစ်သည့် တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း နည်းလမ်းကသာ အောင်မြင်စေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံရေးပြဿနာ တစ်နည်းအားဖြင့် နိုင်ငံရေးအရ တောင်းဆိုလိုမှုကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဖြေရှင်းရမည်ဖြစ်ပါကြောင်း၊ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ဖြင့် တောင်းဆို၍ရနိုင်မည် မဟုတ်ပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်၍ ကိုးကွယ်ရာဘာသာတိုင်းသည် မှန်ကန်သည့် အတွေးအခေါ်များ ပေးနိုင်ပါကြောင်း၊ ထို့ကြောင့် ဘာသာရေးဆိုင်ရာ ခေါင်းဆောင်နေရသူများအနေဖြင့်လည်း နိုင်ငံတော်ကြီးငြိမ်းချမ်းရေးအတွက် ပြည်သူများ၏ အတွေးအခေါ်များနှင့် စိတ်ဓာတ်များ ယဉ်ကျေးသိမ်မွေ့လာစေရေး၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်ရေး ဘာသာတရားမှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီးများ၏ လိုအပ်ချက်များအား မေးမြန်းပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

ရေဖြတ်သန်း စီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်း ဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားခြင်း တပ်မတော်နှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပြီး အမြန်ဆုံး တုံ့ပြန် ဆောင်ရွက်ခဲ့ကြသည့် အတွက် လူအသေအပျောက် တစ်စုံတစ်ရာ မရှိဘဲ အောင်မြင်အောင်ဆောင် ရွက်နိုင်သည်ကို တွေ့ရှိရပါ ကြောင်း၊ နိုင်ငံတော်သမ္မတက လည်း သဘာဝဘေးနှင့် ပတ်သက်၍ လိုအပ်ချက်များကို အကောင်း ဆုံးနှင့် အမြန်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။ ဧရာဝတီနှင့် ဝဝန်မြစ်ရိုး တစ်လျှောက်ရှိ တာများကြီ့ခိုင်မှု အခြေအနေကို ကွင်းဆင်းစစ်ဆေး ရန်၊ ရေကင်းများ စနစ်တကျ ချထားဆောင်ရွက်ရန်နှင့် ထူးခြား မှုရှိပါက ပြည်သူလူထုကို အသိ ပေးနိုင်သည့်စနစ် ထူထောင်ထား ရှိရန်လိုအပ်ပါကြောင်း၊ ရေကြီး ရေလျှံမှုကို ကာကွယ်နိုင်ရန်နှင့် မြစ်ရေတင်စီမံကိန်းများ ဆောင် ရွက်နိုင်ရန် မြစ်ကြောင်းများတွင် အနိမ့်တမံများလည်း တည် ဆောက်နိုင်ပါကြောင်း။

ကဏ္ဍအလိုက် စီမံပြင်ဆင် ဆောင်ရွက်ရမည်

ရေကြီး ရေလျှံမှုကြောင့် ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့် လမ်းတံတားများ၊ လျှပ်စစ်ဓာတ် အား၊ ဆက်သွယ်ရေး၊ ကျောင်း၊ ဆေးရုံ၊ သောက်သုံးရေစနစ်များ နိုင်ငံရေးကဏ္ဍအလိုက် စီမံပြင်ဆင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရေနစ်မြုပ် ပျက်စီးသွားသည့် လယ်ယာမြေများတွင် စပါး ပြန်လည်စိုက်ပျိုးရန်နှင့် အချိန် မမီပါက အခြားသီးနှံများ အစား ထိုးစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက် သွားရမည်ဖြစ်ကြောင်းနှင့် မျိုးစေ့၊ စိုက်ပျိုးရေး သွင်းအားစုများ၊ လိုအပ်သည့် ထောက်ပံ့ကူညီမှု များနှင့် နည်းပညာများကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီးအစိုးရတို့က ပူးပေါင်းစီစဉ် ပေးသွားမည်ဖြစ် ကြောင်း။

ကျောင်းဖွင့်ရာသီ ဖြစ်သော ကြောင့် ရေပြန်လည်ကျချိန်တွင် စာသင်ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံ ကူညီဆောင်ရွက်သွားရမည်ဖြစ် ကြောင်း၊ တာတမံများ၊ မြစ်ကမ်း များ၏ တောင့်တင်းခိုင်မာမှုနှင့် ကြီ့ခိုင်မှုတို့အတွက် ရေတိုအစီ အမံများနှင့် ရေရှည်ဆောင်ရွက် မည့်အစီအမံများကို ဦးစားပေး လုပ်ငန်းတစ်ရပ်အဖြစ် ဆောင် ရွက်ကြရန် လိုအပ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ အနေ ဖြင့် လက်ရှိဆောင်ရွက်နေသည့် အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဖြည့်ဆည်း ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ ကို ဆွေးနွေးပေးကြရန်နှင့် မိမိတို့ တိုင်းဒေသကြီးအတွင်းရှိ ကား လမ်း၊ ရထားလမ်းပိုင်းများအား ကွင်းဆင်းစစ်ဆေးပြီး လိုအပ် သည်များကို အမြန်ဆုံးပြင်ဆင် ဆောင်ရွက်ရန်နှင့် ရေဘေးသင့် ပြည်သူများ ပြန်လည်ထူထောင် ရေးအတွက် သက်ဆိုင်ရာဌာန များအားလုံး တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဧရာဝတီတိုင်းဒေသ ကြီး ဟသံ်တခရိုင် လေးမျက်နှာ မြို့နယ်တွင် ရေကြီးရေလျှံ ဖြစ်ပွား ခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ စာသင် ကျောင်းများ ဖွင့်လှစ်နိုင်ရေး၊ ကျန်းမာရေးအထောက်အကူပြု ကုသမှုဆေးရုံများ ပြန်လည် ဖွင့်လှစ်နိုင်ရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ပြန်လည်ထူထောင် ရေးလုပ်ငန်းများ ဆောင်ရွက် ထားရှိမှုနှင့် ဆက်လက်ဆောင် ရွက်မည့်အစီအမံများကို လည်း ကောင်း၊ ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ရေကြီး ရေလျှံဖြစ်ပွားခဲ့မှု၊ အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ခဲ့မှု၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင် ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း၊ ရေနစ်ဝင်ရောက် လေ့ရှိသည့် လယ်ယာများတွင် ရေနစ်တား တာများကို ဆောင်ရွက် နိုင်မည့် အခြေအနေများကိုလည်း ကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များ အပေါ် ဒုတိယသမ္မတက ပြန်လည် သုံးသပ်ဆွေးနွေး၍ လိုအပ်သည် များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိုဂုံးချုပ်အမှာ စကားပြောကြားပြီး အစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ(Expression of Interest -EOI) ခေါ်ယူခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန လက်အောက်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည် အသွေးစီမံခန့်ခွဲမှုဌာနစုသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူး မြို့နယ် ကျွန်းကလေးကျေးရွာ ရန်ကုန် – ပဲခူးလမ်းမကြီးဘေး၌ တည်ရှိပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှု ဌာနစုရှိ ဓာတ်ခွဲခန်းများမှ ပြည်ပသို့တင်ပို့သည့် လယ်ယာထွက်ကုန် သီးနှံများနှင့် ပြည်တွင်း ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် စားသုံးဆီ များ၏ အရည်အသွေးများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ ရလဒ်များအား Test Report ထုတ်ပေးလျက်ရှိပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် (ISO/ IEC 17025) ရရှိရေး၊ ပို့ကုန်သွင်းကုန်များအား ဓာတ်ခွဲစမ်းသပ် စစ်ဆေးရာတွင် အထောက်အကူဖြစ်စေရေးနှင့် စီးပွားဖြစ်တွက်ခြေ ကိုက်မှုရှိစေရေး (Commercialization) တို့အတွက် ပြည်တွင်းလုပ်ငန်း ရှင်များနှင့် Joint Operation စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) ပုံစံကို www.doca.gov.mm တွင် download ရယူ၍ ၂၀၂၆ ခုနှစ်၊ သြဂုတ်လ (၃၁)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံး ထား၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူ ရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်သို့လိပ်မူ၍လည်း ကောင်း၊ အီးမေးလ် itqmconsumer@gmail.com သို့လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) နှင့်အတူ ပူးတွဲတင်ပြရမည့်ကုမ္ပဏီ ဆိုင်ရာ အထောက်အထားများ

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းကို တိကျ သေချာစွာဖော်ပြ၍ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (Work Plan ၊ Budget Plan) နှင့်အတူ အကြောင်းကြားစာ

(ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ဂ) အဆိုပြုကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီဖြစ်ရန်နှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပကုမ္ပဏီ ရှိပါက ယင်းကုမ္ပဏီ၏အချက်အလက်များ (ပူးတွဲဖြင့် တင်ပြရန်)

(ဃ) ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ၏ လုပ်ငန်းအတွေ့အကြုံ (ပြည်တွင်းရှိ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင် ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းဌာန၊ လုပ်ငန်းအဖွဲ့ အစည်း၏ ထောက်ခံချက်၊ ပြည်ပတွင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းအထောက်အထားများကို ပူးတွဲ ဖြင့်တင်ပြရန်)

(င) ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီ၏ ဘဏ္ဍာရေးအခြေအနေနှင့် သက်ဆိုင်သည့် အထောက်အထားများ (ယခင် ၃ နှစ် အတွင်း လက်မှတ်ရ စာရင်းစစ်အဖွဲ့က စာရင်းစစ်ဆေးထား သည့် အစီရင်ခံစာ)

(စ) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person အမည်၊ ရာထူး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် Email လိပ်စာ (အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၄၅၅၊ ၀၆၇-၃၄၃၀၅၁၁)

စားသုံးသူရေးရာဦးစီးဌာန

ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)

ဆီစက်လုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

ပြည်တွင်းဆီစက်များ အဆင့်မြှင့်တင်နိုင်ရန်နှင့် လိုအပ်သော စက်ပစ္စည်းများ ဖြည့်ဆည်းနိုင်ရန် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးခွဲများသို့ ပေးပို့ လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် သြဂုတ် ၅

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက် ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေ ဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံ ပြုအပ်ပါသည်။

မိုး/ဧလ

မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်း နှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင် ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြု နားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်း ထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များ ကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထား ရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝ ဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာ အကွယ်ရှိသော ခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန် ပြောင်းရွှေ့ နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်း လွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက် ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီး ဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အရေးပေါ်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျား၊ မ ရေးရာ ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် သြဂုတ် ၅

သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများကျရောက်ချိန်၌ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကဲ့သို့ ထိခိုက်လွယ်အုပ်စုများမှာ စိန်ခေါ်မှုများနှင့် ပိုမိုကြုံတွေ့ရပြီး အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူအားလုံးအတွက် တန်းတူအကူအညီပေးသည့် ယေဘုယျအမြင်တစ်ခုတည်းဖြင့် မလုံလောက်ဘဲ ကျား၊ မ ကွဲပြားမှုအပေါ် အခြေခံသည့် လိုအပ်ချက်များကို သေချာခွဲခြားစိတ်ဖြာ တုံ့ပြန်ဆောင်ရွက်သည့်စနစ် (Gender-responsive approach) ကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ကြောင်း အရေးပေါ်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျား၊ မရေးရာ ထည့်သွင်းစဉ်းစားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို သြဂုတ် ၄ ရက်မှ ၆ ရက်အထိ နေပြည်တော် Hotel Max ၌ ကျင်းပလျက်ရှိပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ် ၄၀ တက်ရောက်လျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသက်သက်ဇင်က မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်းတွင် "အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေ"ဆိုင်ရာ ဦးစားပေးနယ်ပယ်ကို ထည့်သွင်းရေးဆွဲထားသကဲ့သို့ ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကိုလည်း စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ အရေးပေါ်အခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကျား၊ မရေးရာကို အလေးထားချဉ်းကပ်ဆောင်ရွက်ပေးနိုင်ရန် လုပ်ငန်းဆောင်ရွက်နေသူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန် လိုအပ်ပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဘေးအန္တရာယ်တုံ့ပြန်ရေး လုပ်ငန်းစဉ်တိုင်း၌ ကျား၊ မ ရေးရာရှုထောင့် (Gender Lens) ကို ထိရောက်စွာ ထည့်သွင်းအသုံးချနိုင်ရေးအတွက် ဆွေးနွေးဖလှယ်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ကျား၊ မ ရေးရာကို ထည့်သွင်းစဉ်းစားနိုင်ခြင်းအားဖြင့် ဌာနဆိုင်ရာများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ရပ်ရွာအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများအကြား ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုများကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ စီမံကိန်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ၏ ဒေါက်တာသန့်ဇော်လွင်၊ ဌာနဆိုင်ရာများ

သတင်းစဉ်

မကွေးမြို့ ကမ်းနားလမ်း၌ River View Point Pavilion ဆောက်လုပ်လျက်ရှိ

မကွေး သြဂုတ် ၅

မကွေးတိုင်းဒေသကြီး မကွေးမြို့ ကမ်းနားလမ်း၌ အများပြည်သူ အနားယူအပန်းဖြေနိုင်ရန် River View Point Pavilion ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ River View Point Pavilion ကို မကွေးမြို့ပြ အင်္ဂါရပ်နှင့်အညီ မြစ်ကမ်းနား မြေကွက်လပ်များအား စနစ်ကျ၍ လှပ၊ သန့်ရှင်း၊ သာယာပြီး လုံခြုံ့ဘေးကင်းသည့် နေရာတစ်ခုဖြစ်လာစေရန်၊ ဒေသခံပြည်သူများ၊ မိသားစုများနှင့် လူငယ်လူရွယ်များ နံနက်ခင်းနှင့် ညနေခင်းအချိန်များ၌ သဘာဝတရားနှင့်ထိတွေ့ကာ အနားယူအပန်းဖြေရန်နှင့် ဧရာဝတီမြစ်ကမ်းအလှကိုအခြေခံ၍ ခရီးသွားများကို ဆွဲဆောင်နိုင်မည့် မြို့ပြ၏အထင်ကရ နေရာတစ်ခုအဖြစ် ဖန်တီးနိုင်ရန် ရည်ရွယ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတည်ဆောက်ရေးလုပ်ငန်းခွင်ကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း စံချိန်စံညွှန်းမီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို မှာကြားခဲ့သည်။

ထို့ပြင် ကွန်ပျူတာတက္ကသိုလ်(မကွေး)ရှိ စက်ခန်းများ၊ Lab ခန်းများ၊ တက္ကသိုလ်စာကြည့်တိုက်နှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ မကွေးပညာရေးဒီဂရီကောလိပ်ရှိ သိပ္ပံလက်တွေ့ဆောင်၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်း (ICT Room)နှင့် စာသင်ဆောင်များတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကိုလည်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် သြဂုတ် ၅

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၆ ခုနှစ် သြဂုတ် ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Chit Moe Khant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်နေ ချစ်မိုးခန့်အား ညနေ ၅ နာရီ မိနစ် ၄၀ တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးမည်

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ပြည်တွင်းထုတ် ဝါကြိတ်စက် (ဂျင်ခုံ) များ ဝယ်ယူနိုင်ရေးကိစ္စ)

လုပ်ငန်းရှင်များနှင့် တောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

ပြည်တွင်းမှထွက်ရှိသည့် ဝါများအား အပြည့်အဝကြိတ်ခွဲနိုင်ရန်နှင့် တောင်သူများအနေဖြင့် စိုက်ပျိုးထွက်ရှိသည့် ဝါများအား တစ်ပိုင်တစ်နိုင်ကြိတ်ခွဲခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ပြည်တွင်းမှထုတ်လုပ်ထားရှိသည့် ဝါကြိတ်စက်များအား အထူးချေးငွေအစီအစဉ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅ ၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေအဆိုပြုလွှာများ ပေးပို့လျှောက်ထားနိုင်

စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်
စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
(ချေးငွေအဆိုပြုလွှာများ လျှောက်ထားခြင်းကိစ္စ)

ဝါလုပ်ငန်းရှင်များအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (MSME) ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးလျက်ရှိရာ ပြည်တွင်းရှိ ဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစေ့ဆီထုတ်စက်များ၊ ချည်မျှင်ထုတ်လုပ်မည့်စက်များ တည်ထောင်ရန်နှင့် တိုးချဲ့တပ်ဆင်နိုင်ရန် ချေးငွေများ လျှောက်ထားနိုင်ပါကြောင်းနှင့် ချေးငွေအဆိုပြုလွှာများကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)/တိုင်းဒေသကြီး/ပြည်နယ် MSME အေဂျင်စီရုံးများသို့ ပေးပို့လျှောက်ထားနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) ၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊
ဖုန်း- ၀၆၇-၃၄၀၈၃၉၅၊ ၀၉-၄၀၁၂၄၄၉၉၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း အသိပေးအပ်ပါသည်။

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် သြဂုတ် ၅

မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဧလ

အရည်အသွေးကို အခြေခံသော ပညာရေးစနစ်၊ နိုင်ငံတကာအသိအမှတ်ပြုမှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အပိုင်း(၁)

ဒေါက်တာဇော်ထွန်းအောင်
(ပညာရေး)

၂၁ ရာစု ဒီဂျစ်တယ်နှင့် ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ပညာရေးကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းနှင့် လူ့စွမ်းအားအရင်းအမြစ်တည်ဆောက်ရေးအတွက် အရေးပါဆုံးသော အခြေခံမဏ္ဍိုင်တစ်ရပ် ဖြစ်လာပါသည်။ ယနေ့ မိဘများနှင့် ကျောင်းသားလူငယ်များသည် ကမ္ဘာ့အဆင့်မီ အသိပညာ၊ ဘာသာစကားကျွမ်းကျင်မှု၊ နည်းပညာအသုံးချနိုင်မှုနှင့် နိုင်ငံတကာအလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများ၊ နိုင်ငံတကာတက္ကသိုလ်၊ တက္ကသိုလ်ပူးပေါင်းအစီအစဉ်များနှင့် အရည်အသွေးမြင့် ပညာရေးဝန်ဆောင်မှုများကို ပိုမိုစိတ်ဝင်စားလာကြသည်။

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိ အလုပ်ရှင်များ၊ တက္ကသိုလ်များနှင့် အစိုးရအဖွဲ့အစည်းများက ဘွဲ့အရည်အချင်း အတည်ပြုစိစစ်ရေးစနစ်၊ ဒီဂျစ်တယ်ပညာရေးမှတ်တမ်းစနစ်နှင့် ယနေ့ခေတ်တွင် QR ကုတ် အခြေပြုစစ်မှန်ကြောင်း အတည်ပြုစနစ်နှင့် ဒေတာကွင်းဆက်နည်းပညာအခြေပြု ပညာရေးအရည်အချင်း အထောက်အထားစနစ်များကို အသုံးပြု၍ ဘွဲ့လက်မှတ်များ၊ ဒီပလိုမာများနှင့် အခြားပညာရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၏ တရားဝင်မှု၊ စစ်မှန်မှုနှင့် မူရင်းအထောက်အထားတို့ကို လျင်မြန်တိကျစွာ အတည်ပြုစစ်ဆေးနိုင်လာကြသည်။ ထို့ကြောင့် အတုအယောင်လက်မှတ်များ၊ ခွင့်ပြုချက်မရှိသော ဘွဲ့အစီအစဉ်များနှင့် ပညာရေးလိမ်လည်မှုများသည် ရေရှည်တွင် ဈေးထုတ်ခံရနိုင်ခြေ မြင့်မားလာလျက်ရှိ

စိတ်ဝင်စားမှုများ မြင့်တက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင်လည်း ပုဂ္ဂလိကကျောင်းများ၊ နိုင်ငံတကာကျောင်းများ၊ အဆင့်မြင့် ပညာသင်တန်းများနှင့် နိုင်ငံတကာတက္ကသိုလ် ပညာရေးဆိုင်ရာဝန်ဆောင်မှုများ ပိုမိုကျယ်ပြန့်လာလျက်ရှိပါသည်။ ပညာရေးသည် စီးပွားရေးဝန်ဆောင်မှုတစ်ခုသာမဟုတ်ဘဲ လူတစ်ဦး၏ အနာဂတ်ဘဝ၊ မိသားစု၏ မျှော်လင့်ချက်နှင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည့် အမျိုးသားရေးဆိုင်ရာကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးအဖွဲ့အစည်းများ၏ ကြော်ငြာများ၊ အသိအမှတ်ပြုမှုများနှင့် အောင်မြင်မှုဖော်ပြချက်များသည် တိကျမှန်ကန်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုတို့အပေါ် အခြေခံရန် လိုအပ်ပါသည်။

ယနေ့ နိုင်ငံတကာပညာရေးလောကတွင် ကျောင်းတစ်ကျောင်း၏ ဂုဏ်သိက္ခာကို ကြော်ငြာအင်အား သို့မဟုတ် အဆောက်အအုံအရွယ်အစားဖြင့် မဆုံးဖြတ်ကြဘဲ သင်ကြားရေးအရည်အသွေး၊ ကျောင်းသားများ၏ သင်ယူမှုရလဒ်များ၊ ဆရာဆရာမများ၏ အရည်အချင်း၊ အရည်အသွေးအာမခံမှုစနစ်၊ အသိအမှတ်ပြုမှုနှင့် ကျောင်း၏ မှတ်တမ်းကောင်းတို့ဖြင့် အဓိကတိုင်းတာကြပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိပညာရေးပတ်ဝန်းကျင်တွင်လည်း နိုင်ငံတကာသင်ရိုးညွှန်းတမ်းများ၊ Cambridge, Pearson, IB နှင့် အခြားနိုင်ငံတကာတက္ကသိုလ် ပညာရေးအစီအစဉ်များကို အခြေခံသင်ကြားပေးသောကျောင်းများ များလာသကဲ့သို့ ပြည်တွင်းပညာရေးစနစ်နှင့် နိုင်ငံတကာပညာရေးစနစ်များကို ပေါင်းစပ်အသုံးပြုသည့် ပညာရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက်လာလျက်ရှိပါသည်။

ကိန်းဘရစ်ချ် နိုင်ငံတကာ ပညာရေးအကဲဖြတ်အဖွဲ့ (Cambridge Assessment International Education)၏ တရားဝင် ဝက်ဘ်ဆိုက်တွင် မြန်မာနိုင်ငံအတွင်းရှိ Cambridge သင်ရိုးညွှန်းတမ်းကို သင်ကြားပို့ချခွင့်ရရှိထားသော ကျောင်းများကို ရှာဖွေကြည့်ရှုနိုင်ပါသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံနှင့် ဒေသပေါင်း ၁၆၀ ကျော်တွင် Cambridge School အဖြစ် အသိအမှတ်ပြုထားသော ကျောင်းပေါင်း ၁၀၀၀၀ ကျော်ရှိကြောင်း ဖော်ပြထားပါသည်။ ထို့အပြင် British Council Myanmar ၏ မိတ်ဖက်ကျောင်းများ စာရင်းတွင်လည်း ယင်းနှင့်တရားဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံအတွင်းရှိ ကျောင်းများကို တရားဝင်ဖော်ပြထားပါသည်။

ထိုအခြေအနေသည် ကျောင်းသားများအတွက် ရွေးချယ်စရာအခွင့်အလမ်းများ တိုးတက်လာစေသော်လည်း အရည်အသွေးစံနှုန်းများ၊ အသိအမှတ်ပြုမှုများနှင့် ပညာရေးဝန်ဆောင်မှုများ၏ ယုံကြည်စိတ်ချရမှုကို ပိုမိုအလေးထားစစ်ဆေးရန် လိုအပ်လာစေပါသည်။

ရေရှည်တွင် မြန်မာနိုင်ငံ၏ ပညာရေးဂုဏ်သိက္ခာနှင့် နိုင်ငံ့ပုံရိပ်ကို တည်ဆောက်ပေးနိုင်မည့် အဓိကအချက်မှာ ပညာရေးအဖွဲ့အစည်းများ၏ အရည်အသွေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုများပင်ဖြစ်ပါသည်။ ကျောင်းများ၊ ပညာရေးဝန်ဆောင်မှုပေးသူများ၊ မိဘများ၊ ကျောင်းသားများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးက အရည်အသွေးကို အခြေခံသော ပညာရေးယဉ်ကျေးမှုတစ်ရပ် တည်ဆောက်နိုင်မည်ဆိုပါက မြန်မာနိုင်ငံ၏ ပညာရေးစနစ်သည် နိုင်ငံတကာအဆင့်မီ ယုံကြည်စိတ်ချရသော ပညာရေးပတ်ဝန်းကျင်တစ်ရပ်အဖြစ် တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

နိုင်ငံတကာပညာရေးနှင့် အရည်အသွေးစိစစ်ရေး

ယနေ့ခေတ် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဒစ်ဂျစ်တယ်နည်းပညာများလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ပညာရေးကဏ္ဍသည်လည်း နိုင်ငံတကာချိတ်ဆက်မှုများ ပိုမိုကျယ်ပြန့်လာလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာသင်ရိုးညွှန်းတမ်းများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းသင်ကြားမှုအစီအစဉ်များ၊ အွန်လိုင်းပညာရေးဝန်ဆောင်မှုများနှင့် အလုပ်အကိုင်ဈေးကွက်ကို ဦးတည်သော သင်တန်းအစီအစဉ်များ တိုးတက်ပေါ်ပေါက်လာသည်ကို တွေ့မြင်ရပါသည်။

ယင်းနှင့်အတူ လူမှုကွန်ရက်များ၊ အွန်လိုင်းပလက်ဖောင်းများနှင့် ကြော်ငြာမီဒီယာများတွင် "နိုင်ငံတကာအဆင့်မီပညာရေး"၊ "နိုင်ငံတကာတက္ကသိုလ်ဘွဲ့အစီအစဉ်"၊ "နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်"၊ "အချိန်တိုအတွင်း အရည်အချင်းရရှိနိုင်ခြင်း"စသည့်ကြော်ငြာစာသားများကို တွေ့ရှိရလေ့ရှိပါသည်။ ယင်းကြော်ငြာများသည် ပညာရေးအခွင့်အလမ်းများအကြောင်း အသိပေးခြင်းဖြစ်နိုင်သကဲ့သို့ မိဘများနှင့် ကျောင်းသားများအတွက် စိတ်ဝင်စားဖွယ်ရွေးချယ်စရာများကိုလည်း ဖော်ပြပေးနိုင်ပါသည်။

သို့သော် ပညာရေးသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုတစ်ခုဖြစ်သဖြင့် ကြော်ငြာစာသားများကိုသာ အခြေခံဆုံးဖြတ်ခြင်းထက် အချက်အလက်များကို စနစ်တကျ စစ်ဆေးအတည်ပြုရန် လိုအပ်ပါသည်။ ပညာရေးအဖွဲ့အစည်းတစ်ခု၏ တရားဝင်မှု၊ အရည်အသွေးနှင့် အသိအမှတ်ပြုမှုတို့ကို စစ်ဆေးသုံးသပ်နိုင်စွမ်းသည်လည်း ပိုမိုအရေးကြီးလာပါသည်။

အထူးသဖြင့် နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းသင်ကြားမှုရှိကြောင်း ကြေညာထားသော အဖွဲ့အစည်းများအနေဖြင့် မိတ်ဖက်တက္ကသိုလ်၏ တရားဝင်အသိအမှတ်ပြုမှု၊ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များ၊ သင်ရိုးညွှန်းတမ်း အရည်အသွေးနှင့် ဘွဲ့လက်မှတ်အသိအမှတ်ပြုမှုဆိုင်ရာ အချက်အလက်များကို ပွင့်လင်းမြင်သာစွာ ဖော်ပြပေးရပါမည်။ ထိုသို့ဆောင်ရွက်ခြင်းသည် ကျောင်း၏ ယုံကြည်စိတ်ချရမှုကို မြှင့်တင်ပေးနိုင်သကဲ့သို့ ကျောင်းသားများနှင့် မိဘများ၏ ယုံကြည်မှုကိုလည်း ပိုမိုရရှိစေပါသည်။ အရည်အသွေးအာမခံမှုစနစ်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် ပညာရေးလူ့အသိုက်အဝန်း၏ ယုံကြည်မှုကို ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

အခြားတစ်ဖက်တွင်လည်း မိဘများနှင့် ကျောင်းသားများအနေဖြင့် ကျောင်းရွေးချယ်ရာ၌ ကြော်ငြာများ သို့မဟုတ် လူမှုကွန်ရက်ပေါ်ရှိ ဖော်ပြချက်များကိုသာ အခြေခံဆုံးဖြတ်ခြင်းမပြုဘဲ သက်ဆိုင်ရာ ပညာရေးအဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှု၊ သင်ရိုးညွှန်းတမ်း၏ အရည်အသွေး၊ ကျောင်း၏ ယုံကြည်စိတ်ချရသော မှတ်တမ်းနှင့် ဘွဲ့လက်မှတ်အသိအမှတ်ပြုမှုတို့ကို စနစ်တကျ စိစစ်လေ့လာသင့်ပါသည်။

တစ်ချိန်တည်းတွင် ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများက အရည်အသွေးအခြေပြုပညာရေး၊ ပွင့်လင်းမြင်သာသော စီမံခန့်ခွဲမှုနှင့် တာဝန်ယူမှုရှိသော သတင်းအချက်အလက်ဖော်ပြမှုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သည်။ ယင်းမှာ ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ကို ယုံကြည်စိတ်ချရစေသည့်အပြင် နိုင်ငံတော်အတွက် အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အရေးပါသော အခြေခံအုတ်မြစ်တစ်ရပ်လည်း ဖြစ်ပါသည်။

နိုင်ငံတကာဥပဒေစံနှုန်းများ

ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာ ပညာရေးစနစ်တွင် ဘွဲ့၊ ဒီပလိုမာနှင့် ပညာရေးအရည်အချင်းလက်မှတ်များသည် လူတစ်ဦး၏ ပညာရပ်ဆိုင်ရာ အရည်အချင်းကိုသာမက အလုပ်အကိုင်ရရှိမှု၊ လစာနှင့် ရာထူးတိုးမြှင့်မှုများအတွက် အရေးပါသော တရားဝင်အထောက်အထားများ ဖြစ်လာသည်။ ထို့ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် တရားမဝင် ပညာရေးအဖွဲ့အစည်းများ၊ ဘွဲ့ရောင်းချသည့် (Degree Mills)များနှင့် အတုအယောင် နိုင်ငံတကာတက္ကသိုလ်များအပေါ် တင်းကျပ်သောဥပဒေများဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြသည်။

ထို့အပြင် နိုင်ငံတကာအသိအမှတ်ပြု ပညာရေးစနစ်များတွင် မည်သည့်တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် သင်တန်းကျောင်းမဆို ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် အဆင့်မြင့်ပညာရေးလက်မှတ်တစ်ခု ထုတ်ပေးမည်ဆိုပါက သက်ဆိုင်ရာနိုင်ငံ၏ ပညာရေးဝန်ကြီးဌာန၊ အရည်အသွေးအာမခံအဖွဲ့အစည်းနှင့် တရားဝင် အသိအမှတ်ပြုအဖွဲ့များ၏ ခွင့်ပြုချက်ကို ရယူထားရမည်ဖြစ်သည်။

ပညာရေးလုပ်ပိုင်ခွင့် လွှဲအပ်အစီအစဉ်များကို ဆောင်ရွက်ရာတွင် ပင်မတက္ကသိုလ်၏ တရားဝင်စာချုပ်၊ ခွင့်ပြုချက်နှင့် ပညာရေးဆိုင်ရာ လုပ်ပိုင်ခွင့် အတည်ပြုချက်များကိုလည်း မဖြစ်မနေရရှိထားရမည်ဖြစ်သည်။ ယင်းအထောက်အထားများမရှိဘဲ ပညာရေးအစီအစဉ်များကို ဆောင်ရွက်ခြင်းသည် တရားဝင်အသိအမှတ်ပြုထားသော ပညာရေးလုပ်ပိုင်ခွင့် လွှဲအပ်အစီအစဉ်ဟု သတ်မှတ်၍မရပါ။

စင်ကာပူနိုင်ငံတွင် ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများကို ပုဂ္ဂလိကပညာရေးကော်မတီကစင်ကာပူနိုင်ငံ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးရေးအဖွဲ့အစည်း၏ ကြီးကြပ်မှုအောက်တွင် စနစ်တကျစီမံခန့်ခွဲသည်။ ယင်းစနစ်တွင် အဓိကအားဖြင့် အဆင့်နှစ်ဆင့်ဖြင့် အရည်အသွေးနှင့် စည်းမျဉ်းလိုက်နာမှုကို စစ်ဆေးကွပ်ကဲထားပြီး ၎င်းတို့မှာ–

(၁) အဆင့်မြင့်တင်ထားသော မှတ်ပုံတင်ရေးမူဘောင် (Enhanced Registration Framework) (ERF)။

(၂) ပညာရေးအရည်အသွေးအာမခံ အသိအမှတ်ပြုလက်မှတ်စနစ် (EduTrust Certification Scheme)တို့ ဖြစ်သည်။

အဆင့်မြင့်တင်ထားသော မှတ်ပုံတင်ရေးမူဘောင်(ERF)သည် ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းတစ်ခု လုပ်ငန်းလည်ပတ်ခွင့်ရရှိရန် လိုအပ်သည့် အခြေခံဥပဒေ၊ စီမံခန့်ခွဲမှု၊ ငွေကြေးနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အနည်းဆုံးစံနှုန်းများကို သတ်မှတ်ပေးသည့် မှတ်ပုံတင်စနစ်ဖြစ်သည်။ သို့ရာတွင် ERF တွင် မှတ်ပုံတင်ထားခြင်းသည် ကျောင်း၏ ပညာရေးအရည်အသွေး၊ သင်ကြားရေးအရည်အသွေး သို့မဟုတ် ဘွဲ့အရည်အချင်းများ၏ အရည်အသွေးကို အတည်ပြုထားခြင်း၊ အသိအမှတ်ပြုထားခြင်းဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

ပညာရေးအရည်အသွေးအာမခံ အသိအမှတ်ပြုလက်မှတ်စနစ် (EduTrust)သည် ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများအတွက် သတ်မှတ်ထားသော ပညာရေး အရည်အသွေးအာမခံမှု အသိအမှတ်ပြု အစီအစဉ်တစ်ခုဖြစ်သည်။ ယင်းအစီအစဉ်၏ ရည်ရွယ်ချက်မှာ စီမံခန့်ခွဲမှုကောင်းမွန်ခြင်း၊ ကျောင်းသားအခကြေးငွေကာကွယ်ရေးစနစ် ခိုင်မာခြင်းနှင့် ကျောင်းသားများ၏ သင်ယူမှုရလဒ်များ ကောင်းမွန်ခြင်း စသည့်ကဏ္ဍများတွင် မြင့်မားသော အရည်အသွေးစံနှုန်းများကို ထိန်းသိမ်းလိုက်နာသော ပုဂ္ဂလိက ပညာရေးအဖွဲ့အစည်းများကို အသိအမှတ်ပြု၍ ခွဲခြားဖော်ထုတ်ပေးရန်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် Private Higher Educational Institutions Act 1996 အရ နိုင်ငံတကာ တက္ကသိုလ်များ၏ ဘွဲ့အစီအစဉ်များ ဖွင့်လှစ်လိုပါက

စာမျက်နှာ ၇ သို့

ရှေ့ဖုံးမှ

ပညာရပ်များကို လေ့လာသင်ယူခွင့်ရရန် ကြိုးစားကြစေလိုကြောင်း ပြောကြား၍ ကျောင်းသားကျောင်းသူများအတွက် မုန့်နှင့် အချိုရည်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့ပြင် တီးတိန်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသည့် လူနာများကို အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ကိုယ်ဝန်ဆောင် မိခင်၊ မီးဖွားမိခင်များကို ထောက်ပံ့ငွေများ ပေးအပ်သည်။

တီးတိန်မြို့ ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန် အပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၆၆ ဦးတို့က ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၆ ခုနှစ် ဧနဝါရီလမှစ၍ ယနေ့အထိ လူနာပေါင်း ၁၂၆၆၅ ဦးအား ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကျောင်းပြင်ပမူလတန်းပညာရေး -NFPE နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး- NFME အတန်းနေရာ ချထားစစ်ဆေးမှု (Placement Test) အစီအစဉ်

၁။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ရောက်ရှိနေသည့် သက်လွန်ကျောင်းပြင်ပရောက် ကျောင်းသား ကျောင်းသူများကို ကျောင်းပြင်ပမူလတန်းပညာရေး– NFPE တွင် အသက် ၁၀ နှစ်မှ ၁၆ နှစ်အတွင်းရှိသူများအားလည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး– NFME တွင် အသက် ၁၃ နှစ်မှ အသက် ၂၁ နှစ်အတွင်းရှိသူများအားလည်းကောင်း အတန်းနေရာချထားစစ်ဆေးမှု (Placement Test) အား အထူးအစီအစဉ်တစ်ရပ်အနေဖြင့် သတ်မှတ်၍ မူဝါဒများနှင့်အညီ စိစစ်လက်ခံသင်ကြားပေးသွားမည် ဖြစ်ပါသည်။

၂။ အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ကျောင်းပြင်ပမူလတန်းပညာရေး–NFPE တွင်ဖြစ်စေ ကျောင်းပြင်ပအလယ်တန်းပညာရေး –NFME တွင်ဖြစ်စေ ဖြေဆိုရန်အတွက် ပညာရေးဆိုင်ရာ ထောက်ခံချက်များ သို့မဟုတ် အရေးပေါ်အခြေအနေ ကြေညာထားသည့်မြို့နယ်များမှ အမှန်တကယ် ပြောင်းရွှေ့နေထိုင်သူဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ အသက်ထောက်ခံချက်နှင့်အတူ မြို့နယ်ပညာရေးမှူးရုံးများတွင် လျှောက်ထားစာရင်းပေးသွင်းရမည် ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက သတ်မှတ်ပေးသော နေရာများတွင် အတန်းနေရာချထားစစ်ဆေးမှု (Placement Test) ကို ၉–၈–၂၀၂၆ ရက်နေ့ (တနင်္ဂနွေနေ့)၌ ဖြေဆိုကြရပါမည်။ (အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ မြို့နယ်နှင့် ခရိုင်ပညာရေးမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။)

ပညာရေးဝန်ကြီးဌာန

ပညာ

MINISTRY OF HEALTH

၂၀၂၆-၂၀၂၇ ပညာသင်နှစ်
ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

❍ *ရှေ့ဖုံးမှ*

ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့ပြင် တောက္ကရှပ်ကျေးရွာအုပ်စု သာယာတဲစုကျေးရွာရှိ ကန်ဇရိယာ ၃၆ ဒသမ ၈၈ အတွင်း မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းလှိုင်၏ ငါးမွေးမြူရေးကန်၊ မွေးမြူရေးလုပ်ငန်းရှင် ဦးရွှေ၏ ဥစားကြက်မွေးမြူရေးခြံတို့ကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ကန့်ဘလူခရိုင် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကန့်ဘလူခရိုင်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား သက်ဆိုင်ရာ ဌာနများအနေဖြင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း စံချိန်စံညွှန်းမီ အရည်အသွေး ပြည့်မီစွာ တည်ဆောက်ပြီးစီးရေး၊ ရရှိထားသည့် ဘဏ္ဍာရန်ပုံငွေများ ပြည်သူများအတွက် အမှန်တကယ် အကျိုးရှိမည့်နေရာများတွင် စနစ်တကျ သုံးစွဲသွားရေး၊ ဒေသစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာစေရန် တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များကို သက်ဆိုင်ရာ ဌာနဆိုင်ရာများက အသိပညာပေး စည်းရုံးဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် သြဂုတ် ၅

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးမည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

စာမျက်နှာ ၆ မှ

Ministry of Higher Education (MOHE) နှင့် Malaysian Qualifications Agency (MQA) တို့၏ အသိအမှတ်ပြုမှုရယူရသည်။ မည်သည့်ဘွဲ့လက်မှတ်မဆို MQA စာရင်းတွင် ပါဝင်ခြင်း ရှိ/မရှိ စစ်ဆေးနိုင်ပြီး တရားဝင်အသိအမှတ်ပြုမှုမရှိသော ဘွဲ့များကို အစိုးရအလုပ်အကိုင်၊ လစာခံစားခွင့်နှင့် ပညာဆက်လက်သင်ယူခွင့်များတွင် အသုံးပြုခွင့် မပြုကြပေ။

မလေးရှားအရည်အချင်း မှတ်ပုံတင်စာရင်း (Malaysian Qualifications Register – MQR) မှတစ်ဆင့် ဘွဲ့၊ ဒီပလိုမာနှင့် အခြားပညာရေးအရည်အချင်းများ၏ အသိအမှတ်ပြုမှု အခြေအနေကို စစ်ဆေးအတည်ပြုနိုင်သည်။ ထို့အပြင် မလေးရှားအရည်အသွေးအာမခံအေဂျင်စီ (Malaysian Qualifications Agency – MQA) ၏ တရားဝင်အွန်လိုင်းဝန်ဆောင်မှုစာမျက်နှာရှိ "ပညာရေးအရည်အချင်းများကို ရှာဖွေစစ်ဆေးရန် ဝန်ဆောင်မှု"ကို အသုံးပြု၍ သက်ဆိုင်ရာ ပညာရေးအရည်အချင်းတစ်ခုချင်းစီ၏ အသိအမှတ်ပြုမှုအခြေအနေကို အလွယ်တကူ ရှာဖွေစစ်ဆေးနိုင်သည်။ ထို့ကြောင့် "အသိအမှတ်ပြုထားသည်"ဟူသော ကြော်ငြာဖော်ပြချက်တစ်ခုတည်းကိုသာ အခြေခံ၍ မဆုံးဖြတ်ဘဲ ယင်းပညာရေးအရည်အချင်းသည် (MQR) တွင် တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ/မရှိကို သက်ဆိုင်ရာ MQR မှတ်ပုံတင်စာရင်း၌ တိုက်ဆိုင်စစ်ဆေး၍ အတည်ပြုနိုင်မည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် တက္ကသိုလ်တစ်ခု၏ တရားဝင်မှုကို ပြည်နယ်ဆိုင်ရာ အသိအမှတ်ပြုစနစ်နှင့် ဖက်ဒရယ်အဆင့် အသိအမှတ်ပြုစနစ်များဖြင့် တရားဝင်မှုကို အတည်ပြုစစ်ဆေးကြသည်။ ဘွဲ့လက်မှတ်တစ်ခုကို အလုပ်ခန့်အပ်ရာတွင် အသုံးပြုမည်ဆိုပါက သက်ဆိုင်ရာတက္ကသိုလ်၏ အသိအမှတ်ပြုမှုအခြေအနေ၊ အမှတ်စာရင်းစစ်မှန်မှုနှင့် ဘွဲ့အတည်ပြုစိစစ်ရေးဝန်ဆောင်မှုများမှတစ်ဆင့် စိစစ်လေ့ရှိသည်။ အတုအယောင်တက္ကသိုလ်များ (Degree Mills) မှ ထုတ်ပေးသောဘွဲ့များကို အသုံးပြု၍ အလုပ်ရယူခြင်း သို့မဟုတ် အစိုးရအဖွဲ့အစည်းများတွင် တင်ပြခြင်းများက အချို့ပြည်နယ်များတွင် ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။

ဥရောပနိုင်ငံများတွင် အဆင့်မြင့်ပညာရေးဆိုင်ရာအသိအမှတ်ပြုမှုများကို ဥရောပအဆင့်မြင့်ပညာရေးအသိအမှတ်ပြုစနစ်နှင့် ပူးပေါင်းဆောင်ရွက်မှုမူဘောင်အရ ဆောင်ရွက်ပြီး ယင်း၏ စံနှုန်းများနှင့်အညီ တက္ကသိုလ်များနှင့် ဘွဲ့အရည်အချင်းများကို စနစ်တကျ စိစစ်အသိအမှတ်ပြုကြသည်။ တက္ကသိုလ်နှင့် ဘွဲ့လက်မှတ်များ၏ အသိအမှတ်ပြုမှုကို ဥရောပဒေသနှင့် အမျိုးသားအဆင့် ပညာရေးအရည်အချင်း အသိအမှတ်ပြုရေးနှင့် သတင်းအချက်အလက်ကွန်ရက်များ (ENIC–NARIC Networks)မှတစ်ဆင့် စစ်ဆေးနိုင်ပြီး ပညာရေးအရည်အချင်း အသိအမှတ်ပြုမှုဆိုင်ရာ လမ်းညွှန်မှု၊ အကြံပေးမှုနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုများကိုလည်း ရရှိနိုင်ပါသည်။ ထို့ကြောင့် "နိုင်ငံတကာ အသိအမှတ်ပြု" ဟူသော စကားရပ်ကို အသုံးပြုရာတွင် မည်သည့်အသိအမှတ်ပြုအဖွဲ့အစည်း၊ မည်သည့်နိုင်ငံနှင့် မည်သည့်စံနှုန်း သို့မဟုတ် မူဘောင်အောက်တွင် ရရှိထားသည်ကို တိတိကျကျ ဖော်ပြရန် လိုအပ်ပါသည်။

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိ အလုပ်ရှင်များ၊ တက္ကသိုလ်များနှင့် အစိုးရအဖွဲ့အစည်းများက ဘွဲ့အရည်အချင်း အတည်ပြုစိစစ်ရေးစနစ်၊ ဒီဂျစ်တယ်ပညာရေးမှတ်တမ်းစနစ်နှင့် ယနေ့ခေတ်တွင် QR ကုတ် အခြေပြုစစ်မှန်ကြောင်း အတည်ပြုစနစ်နှင့် ဒေတာကွင်းဆက်နည်းပညာအခြေပြု ပညာရေးအရည်အချင်း အထောက်အထားစနစ်များကို အသုံးပြု၍ ဘွဲ့လက်မှတ်များ၊ ဒီပလိုမာများနှင့် အခြားပညာရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၏တရားဝင်မှု၊ စစ်မှန်မှုနှင့် မူရင်းအထောက်အထားတို့ကို လျင်မြန်တိကျစွာ အတည်ပြုစစ်ဆေးနိုင်လာကြသည်။ ထို့ကြောင့်အတုအယောင်လက်မှတ်များ၊ ခွင့်ပြုချက်မရှိသော ဘွဲ့အစီအစဉ်များနှင့် ပညာရေး လိမ်လည်မှုများသည် ရေရှည်တွင် ဖော်ထုတ်ခံရနိုင်ခြေ မြင့်မားလာလျက်ရှိသည်။

မြန်မာနိုင်ငံ၏ လက်တွေ့အခြေအနေကို လေ့လာကြည့်ပါက နိုင်ငံတကာတက္ကသိုလ်အမည်ခံ သင်တန်းများ၊ နိုင်ငံတကာအမည်ခံ ဘွဲ့၊ ဒီပလိုမာနှင့် ပညာရေးအရည်အချင်း လက်မှတ်အစီအစဉ်များ တိုးပွားလာသည်ကို တွေ့ရှိရသည်။ သို့ရာတွင် အဆိုပါအစီအစဉ်များအားလုံးသည် သက်ဆိုင်ရာ ပင်မတက္ကသိုလ်၏ တရားဝင်ခွင့်ပြုချက်၊ ဘွဲ့အရည်အချင်း အသိအမှတ်ပြုမှုများနှင့် ပညာရေးလုပ်ပိုင်ခွင့်တို့ကို စနစ်တကျစစ်ဆေးရန် လိုအပ်သည်။ အထူးသဖြင့် အစိုးရဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ပညာရေးအဖွဲ့အစည်းများအနေဖြင့် ဘွဲ့၊ ဒီပလိုမာနှင့် ပညာရေးအရည်အချင်း လက်မှတ်များအပေါ် အလုပ်ခန့်အပ်ခြင်း၊ လစာတိုးမြှင့်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း သို့မဟုတ် ပညာရေးဆက်လက်တက်ရောက်ခွင့်ပေးခြင်းများ ပြုလုပ်ရာတွင် သက်ဆိုင်ရာ တက္ကသိုလ်သို့ တိုက်ရိုက် အတည်ပြု စစ်ဆေးခြင်းကို ဆောင်ရွက်သင့်ပါသည်။ ။

သထုံကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် လက်တွေ့ပြုလုပ်ထားသော Project များကို ပြသသည့် UCSTT Project Show 2026 ကျင်းပ

မော်လမြိုင် သြဂုတ် ၅

မွန်ပြည်နယ် သထုံကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၏ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် လက်တွေ့ပြုလုပ်ထားသော Project များကို ပြသသည့် UCSTT Project Show 2026ကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ Project Show တွင် ကွန်ပျူတာသိပ္ပံ ကျောင်းသား ကျောင်းသူများက AI ကိုအသုံးပြုသည့် Online Library System ၊ ဘာသာရပ်များ အလွယ်တကူ လေ့လာနိုင်မည့် LMS များ ဖန်တီးတည်ဆောက်ခြင်း၊ Sign Language မှတစ်ဆင့် အသံကို ပြောင်းလဲဖော်ပြခြင်း၊ တောင်သူများအတွက် စပါးပင်များ၏ ရောဂါများနှင့် အသုံးပြုနိုင်မည့် ပိုးသတ်ဆေးများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးစနစ်များ၊ အသေးစားလုပ်ငန်းများအတွက် Web application များ စသည်တို့အတွက် ရေးသားထားသည့် Project ၃၅ ခု၊ ကွန်ပျူတာနည်းပညာ ကျောင်းသား ကျောင်းသူများက Organization နှင့် Device များ၌ Security ကောင်းမွန်စေရန် Robot kit များနှင့် Wallet များတည်ဆောက်ခြင်း Project ရှစ်ခု စုစုပေါင်း Project ၄၃ ခုတို့ ပြသခဲ့ကြောင်း သိရသည်။

Project Show သို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့်အတူ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများလည်း တက်ရောက်ကြည့်ရှုအားပေးကြပြီး ဖျော်ဖြေရေးအဖွဲ့များနှင့် Project Show 2026 အတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့ပြင် ဆရာအတတ်ပညာတက္ကသိုလ်(သထုံ)၌ သင်တန်းသား သင်တန်းသူအဆောင်၊ ဝန်ထမ်းအိမ်ရာ၊ အရာထမ်းအိမ်ရာ၊ မိုးလုံလေလုံအားကစားရုံ၊ တက္ကသိုလ် ဘောလုံးကွင်း တည်ဆောက်နေမှုကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ (၂) ၌ ရေဘေးသင့် ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများကို စုဆောင်းပြီး လိုအပ်သည့်နေရာများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းလျက်ရှိ

ပုသိမ် သြဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ(၂)၌ ဟသံ်တခရိုင် လေးမျက်နှာမြို့နယ်ရှိ ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်း စီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှု ဖြစ်ပွားပြီး ရေကျော်စီးဝင်ကာ ရေဘေးသင့်ခဲ့ရသည့် လေးမျက်နှာမြို့နယ် အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများကို ပုသိမ်မြို့ အားကစားပြိုင်ပွဲရုံ (၂) ၌ စုဆောင်းထားရှိပြီး လိုအပ်သည့် နေရာများသို့ အမြန်ဆုံးပို့ဆောင်လှူဒါန်းလျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများ စနစ်တကျထားရှိစေရေး၊ လိုအပ်သည့်နေရာများသို့ အမြန်ဆုံး ပို့ဆောင်လှူဒါန်းနိုင်ရေးအတွက် စီမံဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စုပေါင်းသွေးလှူဒါန်း

ထို့ပြင် ပုသိမ်မြို့ ပြည်သူ့ဆေးရုံ၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ်အဖြစ် ပုသိမ် တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် (ပုသိမ်)၊ နည်းပညာတက္ကသိုလ် (ပုသိမ်)၊ ပုသိမ်ပညာရေး ဒီဂရီကောလိပ်မှကျောင်းသားကျောင်းသူ လူငယ် ၁၀၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး သွေးအလှူရှင်များအတွက်အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာ

နေပြည်တော် သြဂုတ် ၅

အနာဂတ်မျိုးဆက်သစ် လူငယ်များကျောင်းသား ကျောင်းသူများ အနေဖြင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ကြည့်ရှုရှု၍ တွဲဖက်လေ့လာနိုင်ရန်၊ နိုင်ငံတော်၏ သမိုင်းကြောင်းနှင့် တပ်မတော် သမိုင်းဆိုင်ရာ အမွေအနှစ်များကို လေ့လာနိုင်ရန်၊ လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းစဉ်များနှင့် တပ်မတော်၏ အမျိုးသားရေး တာဝန်ထမ်းဆောင်ခဲ့မှု သမိုင်းကြောင်းများကို သိရှိနားလည်စေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်အတွက် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်

လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့သို့ ဆောင်ရွက်ပေးမှုဖြင့် သြဂုတ် ၄ ရက်တွင် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းနှင့် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း (ကျည်တောင်)မှ ကျောင်းသား ကျောင်းသူများသည်လည်းကောင်း၊ ယနေ့တွင် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(စည်ပင်သာယာ)မှ ကျောင်းသား ကျောင်းသူများ သည်လည်းကောင်း အုပ်ချုပ်သူ ဆရာ ဆရာမများ လိုက်ပါ၍ တပ်မတော် စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်း၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးပြခန်း၊ လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးပြခန်း၊ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ပြခန်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ပြခန်း၊ ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးပြခန်း၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ပြခန်း၊ ပြန်လည်နေရာ ချထားရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ပြခန်း၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးပြခန်း၊ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးပြခန်း၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်း၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်း၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ပြခန်း၊ တပ်မတော်(ရေ) ပြခန်းနှင့် တပ်မတော် (လေ) ပြခန်းများကို စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များဖြစ်သည့် တပ်မတော်(ကြည်း) ပြကွက်၊ တပ်မတော်(ရေ) ပြကွက်၊ တပ်မတော်(လေ) ပြကွက်များရှိ ခင်းကျင်းပြသထားမှုများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မအူပင်ခရိုင်၌ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ် ဆီထွက်သီးနှံ စီမံကိန်းတာဝန်ပေးအပ်

မအူပင် သြဂုတ် ၅

မအူပင်ခရိုင်၌ ၂၀၂၆– ၂၀၂۷ ဘဏ္ဍာနှစ် ဆီထွက်သီးနှံ စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မအူပင်မြို့ တိုးရွှေ့ဝါခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ခရိုင်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က မအူပင်ခရိုင်အတွင်းရှိ ဆီထွက်သီးနှံများ စိုက်ဧကပြည့်မီရေးနှင့် အထွက်တိုးရရှိရေးအတွက် ဆွေးနွေးပြောကြားပြီး အမျိုးသားလွတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်မင်းနှင့် တာဝန်ရှိသူများက ဆီထွက်သီးနှံစီမံကိန်းနှင့်ပတ်သက်၍ ဆွေးနွေးသည်။

ထို့နောက် ၂၀၂၆–၂၀၂۷ ဘဏ္ဍာနှစ် ဆီထွက်သီးနှံ စီမံကိန်းတာဝန်များအား စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံသို့ တာဝန်ပေးအပ်ခဲ့သည်။

ပြည့်ဖြိုးကျော်(ပြန်/ ဆက်)

နိုင်ငံသာယာ ဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် သြဂုတ် ၅

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီး အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

အကြမ်းဖက်မှုပျောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါ အဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေ ပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ် မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရာသီဥတုအကြောင်းပြ ကမ်းနီးဒေသအတွင်း ငါးပုစွန်ဖမ်းဆီးပါက အရေးယူမည်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင်ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံ ရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် –

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဗြဲချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စျ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူခြင်းမှသည် ပျော်ရွှင်လှပ လူမှုဘဝများဆီသို့ …

ကမ္ဘာဦးအစ လူသားများ စတင်ပေါ်ပေါက်လာကတည်းက သစ်ပင်ပန်းမန်များနှင့် တိရစ္ဆာန်များပါ ရှင်သန်ပေါက်ပွားလာခဲ့ကြသည်။ လူတို့၏ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည်လည်း တိုးတက်ပြောင်းလဲလာခဲ့ကြသည်။

သောင်းသိန်းမြတ် (မွေး/ကု)

လူတို့၏ ကျန်းမာရေးနှင့် ဝမ်းစာအတွက် အပင်နှင့် တိရစ္ဆာန်များကို စားသုံးရာမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးသည်လည်း အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ခဲ့ရသည်။ ထို့ထက်ပို၍ ယခုအခါတွင် စားရေရိက္ခာဖူလုံရေးနှင့် မိသားစုဝင်ငွေတိုးစေရေးတို့အတွက် အသားကဏ္ဍ ဖူလုံရေးသည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ဖော်ဆောင် သတ်မှတ်ခြင်းခံခဲ့ရပေပြီ။

အသားကဏ္ဍဖွံ့ဖြိုးရေးအနက်မှ ဆိတ်မွေးမြူရေးသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်လာသည်။ ဆိတ်မှ အသား၊ နို့နှင့် သားရေတို့ကို ရရှိရောင်းချနိုင်သဖြင့် မွေးမြူသူတို့အတွက် အကျိုးအမြတ်ရရှိမှု ပိုမိုဖြစ်ထွန်းခဲ့သည်။ ဆိတ်မွေးမြူခြင်းသည် အရင်းအနှီးနည်းနည်းဖြင့် အချိန်ကာလအနည်းငယ်အတွင်း အကျိုးအမြတ်ရရှိစေနိုင်ရာ ကျေးလက်နေထိုင်သူ ပြည်သူများအတွက် မွေးမြူကြရန် အထူးသင့်လျော်လှပေသည်။ ဆိတ်များသည် ရာသီဥတုဒဏ်နှင့် အစာကြမ်းတမ်းမှုဒဏ်တို့ကို ခံနိုင်ရည်ရှိသော သတ္တဝါမျိုးပင်ဖြစ်သည်။ ဆိတ်မွေးမြူခြင်းဖြင့် စားရေရိက္ခာရရှိစေနိုင်မည့်အပြင် လူနေမှုဘဝ အဆင့်တိုးမြှင့်စေနိုင်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်ပါသည်။

"ဗျို့…ကိုထွန်းမောင်ကြီး။ ဘာတွေ သဲကြီးမဲကြီး ဖတ်နေတာတုံးဗျ"

ညနေပိုင်း ယာတောမှအပြန် ရေမိုးချိုး၍ အေးအေးလူလူ အိမ်ရှေ့ကွပ်ပျစ်တွင်ထိုင်ရင်း မွေးမြူရေးစာစောင်လေးတွေ ရှာဖတ်နေစဉ် အိမ်ရှေ့မှ အထက်ဖော်ပြပါအသံကို ကြားလိုက်ရခြင်းဖြစ်သည်။

"ဟာ…ဒေါက်တာကြီး ဘယ်က လှည့်လာတာလဲဗျ။ ထိုင်ပါဦး။ အကြမ်းရည်နဲ့ လက်ဖက်သုပ်လေးလည်း သုံးဆောင်ပါဦး" (ဒေါက်တာကြီးဆိုသူမှာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တိရစ္ဆာန်ဆေးကုဆရာဝန် ဖြစ်ပါသည်။)

"ဒေါက်တာကြီးရေ။ ဆိတ်မွေးမြူရေးနဲ့ ပတ်သက်တဲ့ စာစောင်လေးတွေ ဖတ်နေတာပါ။ ရေငတ်တုန်း ရေတွင်းထဲကျဆိုသလို မသိတာလေးတွေ မေးရဦးတော့မှာပဲ။ ဆိတ်မွေးမြူရေးနဲ့ ပတ်သက်တဲ့ စာစောင်လေးတွေ ဖတ်ကြည့်မိတော့ ဆိတ်မွေးမြူဖို့ကို စိတ်ပါဝင်စားလာမိပါတယ်။ လူတွေဟာ ဆိတ်နဲ့သိုးတွေကို ရေးနှစ်ပေါင်းများစွာကတည်းက အိမ်မွေးတိရစ္ဆာန်အဖြစ် စတင်မွေးမြူခဲ့ကြတာတဲ့။ အထူးသဖြင့်တော့ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ အပူပိုင်းဒေသတွေမှာ မွေးမြူလေ့ရှိကြတယ်လို့ ဆိုတယ်ဗျ။ ပူပြင်းခြောက်သွေ့တဲ့နေရာတွေနဲ့ တောင်ကုန်းတောင်တန်းဒေသတွေမှာလည်း ဆိတ်များကို မွေးမြူခဲ့ကြပါသတဲ့၊ ဆိတ်မွေးမြူရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ နို့၊ အသား၊ သားရေတို့ရရှိဖို့အတွက် ဖြစ်ပါတယ်လို့ ရေးသားထားတာကို ဖတ်ရှုမှတ်သားရပါတယ်။ ကျွန်တော်မသိရှိသေးတဲ့အချက်လေးတွေကိုလည်း ရှင်းပြပြောပြပေးပါဦး ခင်ဗျာ"

" ဟုတ်တယ် ကိုထွန်းမောင်ကြီးရေ။ ဆိတ်မတစ်ကောင်ဟာ တစ်နေ့ နို့တစ်ပိသာလောက် ထွက်ရှိနိုင်လို့ နို့ထွက်နှုန်းကောင်းမွန်တယ်။ ဆိတ်သားရေနဲ့ အသားကလည်း ရောင်းချလို့ရတဲ့အခါ ဝင်ငွေရရှိစေမှာဖြစ်တဲ့အတွက် တွက်ခြေကိုက်ပြီး မွေးမြူဖို့ကောင်းတဲ့ တိရစ္ဆာန်မျိုးပဲ ဖြစ်ပါတယ်။ ဆိတ်နို့ဟာ အသားဓာတ်နဲ့ အဆီဓာတ်ပါဝင်မှုများတဲ့အပြင် နို့မှာပါဝင်တဲ့ အဆီခဲလေးတွေက သေးငယ်တာကြောင့် နို့သောက်သုံးသူအဖို့ အစာကြေလွယ်ပြီး ကလေးငယ်တွေ၊ သက်ကြီးရွယ်အိုနဲ့ ဖျားနာလူနာ လူမမာတွေ သောက်သုံးဖို့ ပိုမိုသင့်တော်ပါသတဲ့ဗျာ။ ဆိတ်မတွေဟာ နို့ရရှိဖို့ နို့ညှစ်ရာမှာ လွယ်ကူတဲ့အပြင် သဘာဝအရလည်း အကြမ်းခံနိုင်ပါသေးတယ်၊ အစာမရွေးဘဲ ရှာဖွေစားနိုင်ကြလို့ လွတ်ကျောင်းစနစ်နဲ့လည်း မွေးမြူနိုင်ပါတယ်"

"ဆက်ပြောပါဦး ဒေါက်တာကြီး "

"ဆိတ်တွေဟာ တောင်ကုန်းနဲ့ ကျောက်တောင်တွေပေါ်မှာလည်း သွားလာနိုင်ကြတယ်။ ကွင်းပြင်ထက် ကုန်းမြင့်ဒေသတွေကို နှစ်သက်တတ်တဲ့ အလေ့အထရှိကြတယ်။ မြက်၊ သစ်ရွက် အမျိုးမျိုးနဲ့ သစ်ပင်တွေရဲ့ အခေါက်ကို ခွာပြီးတော့လည်း စားတတ်ကြသေးတယ်။ ဆီးပင် အပါအဝင် ဆူးပင်များကို ကြိုက်နှစ်သက်ကြတယ်။ ဆိတ်တွေရဲ့ အစာအိမ်ဟာ အစာအမျှင်ကြမ်းတွေကို ချေဖျက်နိုင်စွမ်းလည်း ရှိကြတယ်။

" ဒါကြောင့် စားကျက်မကောင်းပေမယ့် ဆိတ်ကို ကောင်းကောင်း မွေးမြူနိုင်ပါတယ်။ ဒဲ့အပြင် ဆိတ်ဟာ မျိုးအောင်မြင်မှုကောင်းလို့ ကောင်ရေပွားနှုန်းကလည်း များပါတယ်၊ တစ်နှစ်ကို နှစ်သားနဲ့ ကိုယ်ဝန်တစ်ဗိုက်ရတဲ့အထိ သားပေါက်နှုန်းမြင့်မားပါတယ်။ ဆိတ်နို့၊ ဆိတ်သားရောင်းချရခြင်းအပြင် ဆိတ်သားရေနဲ့ ပြုလုပ်တဲ့ ဖိနပ်၊ လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ဂျာကင်အင်္ကျီ စတာတွေ လုပ်ပြီး ရောင်းချနိုင်တာကြောင့် ဆိတ်မွေးမြူရေးလုပ်ငန်းက ကုန်ကျစရိတ်နည်းနည်းနဲ့ အကျိုးအမြတ်များများရနိုင်တဲ့ စီးပွားဖြစ်မွေးမြူရေး ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်"

" အခုလို သေချာရှင်းပြလိုက်တော့ မိသားစုအပိုဝင်ငွေရဖို့ ကျွန်တော်တို့ ရေမြေဒေသ ရာသီဥတုနဲ့ကိုက်ညီတဲ့ ဆိတ်မျိုးတွေကို ရှာပြီး မွေးတော့မယ်ဗျာ။ ပထမဦးဆုံး ဆိတ်ပေါက် ငါးကောင်လောက် စမွေးဖို့ စီမံတော့မယ်ဗျာ"

"ကိုထွန်းမောင်က ဆိတ်မွေးမြူမှာဆိုတော့ 'ဆိတ်'မျိုးနဲ့ ပတ်သက်ပြီး ပြောပြပေးဦးမယ်"

" မှတ်သားထားပါ့မယ်ခင်ဗျာ"

> ❖ **ဆိတ်နို့ဟာ အသားဓာတ်နဲ့ အဆီဓာတ်ပါဝင်မှုများတဲ့အပြင် နို့မှာပါဝင်တဲ့ အဆီခဲလေးတွေက သေးငယ်တာကြောင့် နို့သောက်သုံးသူအဖို့ အစာကြေလွယ်ပြီး ကလေးငယ်တွေ၊ သက်ကြီးရွယ်အိုနဲ့ ဖျားနာလူနာ လူမမာတွေ သောက်သုံးဖို့ ပိုမိုသင့်တော်**
>
> ❖ **စားကျက်မကောင်းပေမယ့် ဆိတ်ကို ကောင်းကောင်းမွေးမြူနိုင်ပါတယ်။ ဒဲ့အပြင် ဆိတ်ဟာ မျိုးအောင်မြင်မှုကောင်းလို့ ကောင်ရေပွားနှုန်းကလည်း များပါတယ်၊ တစ်နှစ်ကို နှစ်သားနဲ့ ကိုယ်ဝန်တစ်ဗိုက်ရတဲ့အထိ သားပေါက်နှုန်းမြင့်မားပါတယ်။ ဆိတ်နို့၊ ဆိတ်သားရောင်းချရခြင်းအပြင် ဆိတ်သားရေနဲ့ပြုလုပ်တဲ့ ဖိနပ်၊ လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ဂျာကင်အင်္ကျီ စတာတွေလုပ်ပြီး ရောင်းချနိုင်တာကြောင့် ဆိတ်မွေးမြူရေးလုပ်ငန်းက ကုန်ကျစရိတ်နည်းနည်းနဲ့အကျိုးအမြတ်များများရနိုင်တဲ့ စီးပွားဖြစ်မွေးမြူရေး ဆောင်ရွက်နိုင်တဲ့ လုပ်ငန်းတစ်ခုဖြစ်**

"ဆိတ်မျိုးပေါင်း မြောက်မြားစွာရှိတယ်ဗျ။ ထုတ်လုပ်မှုအရ တွက်ရင်တော့ အဓိကသုံးမျိုးပဲရှိတယ်လို့ ဆိုရမှာပေါ့။ အသားစား၊ နို့စား၊ အသားရော နို့ပါထွက်နှုန်းကောင်းတဲ့ ဆိတ်မျိုးဆိုပြီးတော့ သတ်မှတ်ထားကြတာပေါ့ဗျာ"

"ကျွန်တော်သိသလောက် ဆိတ်မျိုးတွေကတော့-

(က) **ဂျမနာပါရီ (Jamunapari)။** ဆိတ်ကြီးမျိုးဖြစ်ပြီး နို့ထွက်ရော အသားထွက်နှုန်းပါ ကောင်းတဲ့ ဆိတ်မျိုးပဲဗျ။ ပုံသဏ္ဌာန်ကတော့ နားရွက်ကြီးမားရှည်လျားပြီး တွဲကျနေတတ်တယ်။ နားရွက်အရှည်ကလည်း ၁၀ - ၁၂ လက်မခန့် ရှိတတ်တယ်။ နှာတံပေါ်ပြီး ဦးချိုကတော့ ပြားပြီးတော့ တိုတယ်။ အရောင်က အဖြူရောင်မှာ အညိုရောင် အဝါကွက် အပြောက်တွေရှိတတ်တယ်။ နို့သီးခေါင်းနဲ့ နို့အုံ ကြီးမားဖွံ့ထွားပြီး တွဲကျနေတတ်တယ်။ နို့ထွက်နှုန်းကတော့ ၁ ဒသမ ၅ ပိသာကနေ ၂ ပိသာအထိ ရှိတတ်တယ်။ နို့မှာ အဆီ ၃ ဒသမ ၅ ရာခိုင်နှုန်းပါဝင်တယ်။

(ခ) **အင်္ဂလိုနျူဘီယံ (Anglo-Nubian)။** ဆိတ်ကြီးမျိုးဖြစ်တယ်။ အသားအရောင်လှပပြီး တောက်ပတဲ့ အမွေးရှိတယ်။ နားရွက်ရှည်ပြီး နှာတံပေါ်တယ်။ အရောင်အမျိုးမျိုးရှိတယ်။ အဖြူနဲ့ အဝါရောင်ကွက်ကြား၊ အဖြူနဲ့ အနက်ရောင်ကွက်ကြားတွေလည်း ရှိတယ်။ နို့ထွက်နှုန်းကောင်းပြီးတော့ နို့မှာ အဆီပါဝင်နှုန်းများတယ်။

(ဂ) **ဘင်ဂေါလ် (Bengal)။** ဆိတ်မျိုးငယ်ဖြစ်ပြီး အလေးချိန်ပေါင် ၃၀ လောက်ပဲ ရှိတယ်။ နို့ထွက်မကောင်းလို့ နို့အတွက် မွေးမြူဖို့မသင့်ဘူး။ ဒါပေမယ့် အသားထွက်နှုန်းကောင်းပြီး အသားက အရသာရှိတယ်။

(ဃ) **ဗာဗာရီ (Babari)။** ဆိတ်ငယ်မျိုး ဖြစ်တယ်။ တစ်နှစ်နှစ်သားကျပြီး တစ်နှစ် နှစ်ကောင်၊ သုံးကောင်မွေးနိုင်တဲ့ ဆိတ်မျိုးဖြစ်တယ်။ နားရွက်တိုပြီး မျက်နှာဖြောင့်စင်းတယ်။ ခြေလက်သေးသွယ်ပြီးတော့ တိုတယ်။ အဖြူရောင်မှာ အညိုရောင်၊ အဝါရောင် အစက်အပျောက်တွေရှိတတ်တယ်။ နို့အုံတွဲကျပြီး နို့ထွက်နှုန်း တစ်နေ့ တစ်ပိသာလောက် ရှိတတ်တယ်။

(င) **ဗီတယ် (Beetal)။** ဂျမနာပါရီနဲ့ ဆင်ပေမယ့် အရွယ်သေးတယ်။ နားရွက်ရှည်ပြီးတော့ နှာတံပေါ်တယ်။ ဦးချိုကနောက်ကိုလန်ပြီး လိမ်နေတတ်တယ်။ အနီနဲ့ နီဝါရောင်ရှိပြီး အဖြူပြောက်များ ရှိတတ်တယ်။ နို့ထွက်နှုန်း တစ်နေ့ တစ်ပိသာကျော်ကျော် ရရှိတတ်တယ်။ တစ်နှစ် တစ်သားမွေးပေမယ့် တစ်ကြိမ်မွေးရင် နှစ်ကောင်မွေးတတ်တယ်။

(စ) **ဆာနန်(Saanen)။** နို့ထွက်ကောင်းတဲ့ ဆိတ်မျိုးဖြစ်တယ်။ ဆွဇာ့အမျိုးအနွယ်ဝင်ဖြစ်တယ်။ ဟော်လန်ကုန်းမြေပြန့်ကနေ ဆင်းသက်ပေါက်ပွားလာတယ်။ ခြေချောင်းတိုပြီး နို့သီးခေါင်းတွေ တွဲကျနေတတ်တယ်။ အဖြူရောင်နဲ့ အနက်ရောင်ရှိတတ်တယ်။ နို့မှာ အဆီ ၄ ရာခိုင်နှုန်းလောက် ပါဝင်တယ်။

(ဆ) မြန်မာဆိတ်မျိုးကို အကြမ်းအားဖြင့် နှစ်မျိုးပဲ မွေးမြူထားတယ်။ ပထမတစ်မျိုးက မြေပြန့်မှာ မွေးမြူလေ့ရှိပြီး နားရွက်ဖားတယ်။ ဂျမနာပါရီမျိုးဖြစ်ပြီး နို့ထွက်ရော အသားထွက်ပါ ကောင်းမွန်တယ်။ ဒုတိယတစ်မျိုးက ဘင်ဂေါလ်မျိုးဖြစ်ပြီး နားရွက်တိုတယ်။ အသားထွက်ကောင်းပြီး အသားက အရသာရှိတယ်။ ရာသီဥတုဒဏ်ခံနိုင်စွမ်း ရှိတယ်။

"ပြောခဲ့တဲ့ ဆိတ်မျိုးတွေကတော့ ကျွန်တော်ဖတ်ရှုမှတ်သားမိသလောက် ဆိတ်မျိုးတွေပဲဖြစ်ပါတယ်။ မြန်မာ့ရာသီဥတု မြေနေရာဒေသနဲ့ကိုက်ညီတဲ့ ဆိတ်မျိုးတွေကိုပဲ မွေးမြူသင့်ပါတယ်။

"ဆိတ်မွေးမြူဖို့အတွက် မြေနေရာကို အရင်ရွေးချယ်ရမယ်။ ဆိတ်မွေးဖို့ ခြံဆောက်လုပ်မယ့်မြေနေရာဟာ မြေမာဖြစ်ရပါမယ်။ ခြောက်သွေ့ပြီး လေကောင်းလေသန့်ရှိနိုင်တဲ့နေရာ ဖြစ်သင့်တယ်။ လေစိမ်းတွေ တရစပ်တိုက်ခတ်နေတဲ့နေရာမျိုး မဖြစ်စေရဘူး။ ဆိတ်တွေက ပူပြင်းခြောက်သွေ့ပြီး မြက်အနည်းငယ်နဲ့ ချုံနွယ်သစ်ပင်ပေါက်ရောက်တဲ့ မိုးနည်းရာဒေသတွေနဲ့ တောင်တန်းဒေသတွေမှာ ဖြစ်ထွန်းနိုင်တယ်။ မြန်မာပြည် အလယ်ပိုင်းနဲ့ အထက်ပိုင်းတွေမှာလည်း မွေးမြူဖြစ်ထွန်းနိုင်ပါတယ်။ ကွင်းပြင်နဲ့ စားကျက်မှာ လှည့်လည်သွားလာကျက်စားတတ်တော့ လုံလောက်တဲ့ မြေနေရာအကျယ်အဝန်းရှိဖို့ လိုအပ်သလို စားကျက်မှာ အရိပ်ခိုဖို့ အပင်တွေနဲ့ သင့်တင့်တဲ့ စားပင်စားကျက်ပင်တွေရှိဖို့ လိုအပ်ပါတယ်။

"မြေနေရာရွေးချယ်မှုအပိုင်းပြီးတော့ ဆိတ်တင်းကုပ်ဆောက်လုပ်ဖို့ကို ပြောပြပေးဦးမယ် ကိုထွန်းမောင်ကြီးရေ"

"ဟုတ်ကဲ့ပါ"

"ဆိတ်ကို စနစ်တကျမွေးမြူဖို့အတွက် သင့်လျော်တဲ့ ဆိတ်တင်းကုပ်ဆောက်လုပ်ရပါမယ်။ ဆိတ်တင်းကုပ်ဟာ ဆိတ်တွေအိပ်ဖို့နဲ့ အနားယူဖို့ဖြစ်သလို ရာသီဥတုအပူအအေးကနေ ကာကွယ်ပေးပြီး လေကောင်းလေသန့်ရှိတဲ့ အဆောက်အအုံမျိုးကို ဆောက်သင့်ပါတယ်။ ဆိတ်တင်းကုပ်ဆောက်တဲ့အခါ ဒီလိုအချက်တွေကို ထည့်သွင်းစဉ်းစားရပါမယ်-

(က) ဆိတ်တင်းကုပ်ရဲ့ အခင်းကို မြေကြီးနဲ့ ထားမယ်ဆိုရင် မာပြီး ခြောက်သွေ့ရပါမယ်။ အညစ်အကြေးတွေ အလွယ်တကူ သိမ်းဆည်းနိုင်ရပါမယ်။ မိုးရေနဲ့အတူ အညစ်အကြေးတွေ စီးဆင်းနိုင်ရပါမယ်။

စာမျက်နှာ ၁၁ သို့

ပြည်ပပို့ကုန် သကြားထုတ်လုပ်သည့် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧက စိုက်ပျိုးထား

ရန်ကုန် သြဂုတ် ၅

ရန်ကုန် တိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန် သကြားထုတ်လုပ်သည့် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧကကို စိုက်ပျိုးလျှာထားဧကထက် ကျော်လွန်၍ စိုက်ပျိုးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချက်ကြံကို တိုက်ကြီးမြို့နယ်အတွင်းရှိ ဂုံညင်းတန်း၊ ကျွဲဘုတ်၊ မာဂရီ၊ ချင်းကုန်း၊ ဥက္ကံ မျိုးပွားခြံတို့တွင် စိုက်ပျိုးကြပြီး နိုင်ငံခြားမျိုးများဖြစ်သည့် K95/84 ၊ KK-3 ၊ K2000/89 မျိုးစိတ်များနှင့် စိုက်ပျိုးရေးသုတေသနမှထုတ်လုပ်သည့် Dar-4 အထွက်ကောင်းချက်ကြံ မျိုးစိတ်တို့ကို မိုးသီးနှံအဖြစ် စိုက်ပျိုးထားကာ ယမန်နှစ်နိုဝင်ဘာလက စိုက်ပျိုးခဲ့သည့် ကြံခင်းများကို အောက်တိုဘာလ ကုန်ပိုင်းတွင်စတင်၍ ရိတ်သိမ်းမည်ဖြစ်သည်။

ထို့အတူ တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း စားကြံကို စိုက်ပျိုးမှုများကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ စိုက်ပျိုးတဲ့ကြံကနေ တင်လဲရည်ကို ပြည်တွင်းမှာ အသုံးပြုပြီး သကြားကို ပြည်ပပို့တာဖြစ်တဲ့အတွက် နိုင်ငံခြားဝင်ငွေရပါတယ်။ တောင်သူတွေအတွက်လည်း ဈေးကောင်းရတဲ့ သီးနှံဖြစ်တာကြောင့် အကျိုးအမြတ်လည်း ရှိနေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၆-၂၀၂۷ ခုနှစ်တွင် တိုင်းဒေသကြီးအတွင်း ချက်ကြံ ၃၃၈၁ ဧက နှင့် စားကြံ ၅၀۷ ဧက စိုက်ပျိုးရန် လျှာထားဆောင်ရွက်ခဲ့ပြီး ပြီးခဲ့သည့် ဧပြီလကုန်ပိုင်းတွင် ချက်ကြံ ၃၄၃၆ ဧကနှင့် စားကြံ ၅၁၁ ဧက ကို လျှာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

စားကြံကို ရန်ကုန်မြို့တွင် ကြံရည်အဖြစ် ဆောင်းရာသီတွင် ရောင်းချလေ့ရှိပြီး ချက်ကြံကို တင်းလဲရည်ထုတ်လုပ်၍ အဖျော်ယမကာနှင့် အခြားစားသောက်ကုန်ထုတ်လုပ်ရာ၌ အသုံးပြုကာ ချက်ကြံရည်ကို ကြိုချက်ရာမှ သကြားထုတ်လုပ်မှုဖြင့် ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပသို့ တင်ပို့လျက်ရှိကာ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ကြောင်း သိရသည်။

သစ္စာ(MNA)
ဓာတ်ပုံ – ဇွဲမာန်

(၅-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၁.၅~၃၆၆၈	၅၅၈ ~ ၅၅၈.၇	၁၂၅.၆ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၀,၅၃၃,၈၇၅.၆၃	၄,၇၄၉,၈၇၂.၅၅	၄,၉၃၅,၅၆၀.၃၈	-

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေသြဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ ကား/ ဆိုင်ကယ်အပိုပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် သြဂုတ် ၅

သြဂုတ် ၆ ရက်တွင် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

အေအိုင်နှင့် ကျွန်တော် (၁၁)

အယ်ဒီတာတစ်ဦး

ကျွန်တော်တို့အနီးဝန်းကျင်တွင် ဉာဏ်ရည်တုနည်းပညာ(AI)က အသုံးပြုနိုင်ဖို့ အသင့်ရှိနေသည်။ အေအိုင်ကို ဒီဇိုင်းရေးဆွဲခိုင်းခြင်း၊ ပန်းချီရေးဆွဲခိုင်းခြင်း၊ စာတမ်းပြုစုခိုင်းခြင်း၊ သိလိုသည်များ မေးမြန်းခြင်း စသည်ဖြင့် ကျွန်တော်ကိုယ်တိုင် နေ့စဉ် အကျွမ်းတဝင်အသုံးပြုဖြစ်လာသည်။

ယနေ့ ကျွန်တော် အေအိုင်ကို မေးမိသည့်မေးခွန်းနှင့်ပတ်သက်၍ အဖြေကို ယခုလို မှတ်တမ်းပြုမိလိုက်ပါသည်။

မေးခွန်း – လူမှုဆက်ဆံရေးမှာ နေရာတိုင်းအလျှော့ပေးတတ်တာ၊ သဘောကောင်းတာ၊ သည်းခံလွန်းတာ ကောင်းသလား။

အဖြေ – လူမှုဆက်ဆံရေးမှာ အမြဲတမ်း အလျှော့ပေးတတ်တာ၊ သဘောကောင်းလွန်းတာနဲ့ လိုတာထက်ပိုပြီး သည်းခံတာဟာ **တစ်ခါတစ်ရံမှသာ အကျိုးရှိပြီး ရေရှည်မှာတော့ မကောင်းဘဲ ဆိုးကျိုးတွေ ပိုများပါတယ်။**

အရာရာကို အလျှော့ပေး သည်းခံနေခြင်းက အပေါ်ယံအားဖြင့် ငြိမ်းချမ်းတယ်လို့ ထင်ရပေမဲ့ ကိုယ့်ဘက်က ကြည့်ရင်တော့ **"ကိုယ့်ကိုယ်ကိုယ် လေးစားမှု (Self-respect)"** နဲ့ **"စိတ်ကျန်းမာရေး"**ကို များစွာထိခိုက်စေပါတယ်။

အလွန်အကျွံ အလျှော့ပေး သည်းခံလွန်းခြင်း၏ ဆိုးကျိုးများနှင့် သတိထားရမည့်အချက်များကို အောက်ပါအတိုင်း လေ့လာနိုင်ပါတယ် –

၁။ အလွန်အကျွံ သဘောကောင်းခြင်း၏ ဆိုးကျိုးများ

- **ခေါင်းပုံဖြတ် အနိုင်ကျင့်ခံရခြင်း (People Pleasing Trap)။** နေရာတိုင်းမှာ "ဟုတ်ကဲ့" ဆိုပြီး လိုက်လျောနေပါက အခြားသူများက သင့်ကို အခွင့်ကောင်းယူရလွယ်သူ (Soft Target) အဖြစ် မြင်သွားပြီး အမြဲတမ်း ခေါင်းပုံဖြတ် အနိုင်ကျင့်လာနိုင်ပါတယ်။
- **ကိုယ့်စိတ်ဆန္ဒနှင့် တန်ဖိုးများ ပျောက်ကွယ်သွားခြင်း။** သူတစ်ပါး စိတ်တိုင်းကျ လိုက်ဖြည့်ဆည်းပေးရင်း ကိုယ်တိုင်မသိလိုက်ဘဲ ကိုယ့်ရဲ့လိုအင်ဆန္ဒ၊ ခံယူချက်နဲ့ ကိုယ်ပိုင်သဘောထားတွေ ကွယ်ပျောက်သွားတတ်ပါတယ်။
- **စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျခြင်း(Burnout & Resentment)။** ဒေါသနဲ့ မကျေနပ်ချက်တွေကို အမြဲတမ်း မျိုသိပ်ထားရတဲ့အတွက် ရေရှည်မှာ စိတ်ကျရောဂါ(Depression) ဖြစ်လာနိုင်သလို၊ တစ်နေ့နေ့မှာ မထိန်းနိုင်ဘဲ ပေါက်ကွဲထွက်သွားတာမျိုး ဖြစ်တတ်ပါတယ်။
- **အချင်းချင်း လေးစားမှုမရှိတော့ခြင်း။** နေရာတိုင်း အလျှော့ပေးသူကို လူတွေက "သဘောကောင်းသူ" လို့ သတ်မှတ်ရုံမကဘဲ "သဘောထားမရှိသူ / အားနည်းသူ" လို့ပါ အထင်သေးသွားတတ်ကြပါတယ်။

၂။ ညီမျှသော ဆက်ဆံရေးဖြစ်စေရန် ဘာတွေပြင်ဆင်ရမလဲ

သဘောကောင်းခြင်းနှင့် သည်းခံခြင်းသည် စိတ်ထားမြင့်မြတ်သော စရိုက်များဖြစ်သော်လည်း **"တိကျသော စည်းများ (Boundaries)"** ရှိဖို့ လိုအပ်ပါတယ်။

(က) စည်းခြားတတ်အောင် လေ့ကျင့်ပါ (Set Boundaries)

- မလုပ်နိုင်သော သို့မဟုတ် မတန်တဆ တောင်းဆိုမှုများကို **"မလုပ်ပေးနိုင်ပါ" (No)** ဟု ယဉ်ကျေးစွာ ငြင်းဆိုတတ်အောင် လေ့ကျင့်ပါ။
- ကိုယ်လက်ခံနိုင်သည့် အတိုင်းအတာနှင့် လက်မခံနိုင်သည့် အတိုင်းအတာကို တိတိကျကျ သတ်မှတ်ထားပါ။

(ခ) ကိုယ့်သဘောထားကို ရဲရဲဝံ့ဝံ့ ထုတ်ပြောပါ (Assertiveness)

- ရိုင်းစိုင်းရန် မလိုဘဲ ကိုယ့်ရဲ့ သဘောထားနှင့် ခံစားချက်ကို ငြိမ်းချမ်းစွာနှင့် ပြတ်ပြတ်သားသား ပြောဆိုပါ။
- "ငါကတော့ ဒီလိုမျိုး မကြိုက်ဘူး/ ဒီလိုမျိုး မလုပ်ချင်ဘူး" ဆိုတာကို ပွင့်ပွင့်လင်းလင်းပြောပြပါ။

(ဂ) သည်းခံခြင်းနှင့် အကြောက်တရားကို ခွဲခြားပါ

- အခြေအနေကို ပိုကောင်းစေချင်လို့ ခဏအလျှော့ပေးတာမျိုးက **"သည်းခံခြင်း"** ဖြစ်ပြီး သူတစ်ပါး စိတ်ဆိုးမှာ သို့မဟုတ် ပစ်ပယ်ခံရမှာကြောက်လို့ အရာရာကို ခေါင်းငြိမ့်နေတာက **"အကြောက်တရား"** ဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် အမှန်အတိုင်း သုံးသပ်ကြည့်ပါ။

အနှစ်ချုပ်: သဘောကောင်းခြင်း သို့မဟုတ် သည်းခံခြင်းဆိုသည်မှာ **"အခြားသူများ၏ ခြေသုတ်ပုဆိုး"** အဖြစ် ခံယူခြင်းမဟုတ်ပါ။ စိတ်ထားကောင်းမွန်ပါစေ၊ သို့သော် ထိုစိတ်ထားကောင်းကို အခြားသူများက မတရားအခွင့်ကောင်းမယူနိုင်စေရန် **သတ္တိနှင့် စည်းစနစ်များ** ခြံစည်းရိုးခတ်ထားဖို့ လိုအပ်ပါတယ်။

စာမျက်နှာ ၁၀ မှ

(ခ) ဆိတ်တွေ နားနေဖို့အတွက် လုံလောက်တဲ့ အကျယ်အဝန်းရှိရပါမယ်။

(ဂ) ဆိတ်ကြီးနဲ့ ဆိတ်ကလေးတွေ အသက်အရွယ်အလိုက် ခွဲခြားထားနိုင်ဖို့ သင့်လျော်တဲ့ အကန့်ရှိရပါမယ်။

(ဃ) အမိုးက မိုးရေလုံရမယ်။ သက်ငယ်မိုးဖြစ်မယ်ဆိုရင် တံစက်မြိတ် အနည်းဆုံး ၆ ပေရှိသင့်ပြီး ခေါင်အမြင့် ၁၀ ပေ ရှိသင့်ပါတယ်။ အဓိက အမိုးကို ဆိတ်တွေဆွဲပြီး မစားနိုင်စေဖို့ ဖြစ်ပါတယ်။

(င) လေဝင်လေထွက်ကောင်းရပါမယ်။ ဒါမှသာ အခင်းခြောက်သွေ့စေဖို့နဲ့ သန့်ရှင်းရေးပြုလုပ်ဖို့ လွယ်ကူပါမယ်။ လေစိမ်းတိုက်ခတ်မှုမခံရစေဖို့ အကာအရံ ပြုလုပ်ပေးရပါမယ်။

(စ) လုံလောက်တဲ့ အလင်းရောင်ရှိရပါမယ်။ အစာခွက်၊ ရေခွက်တွေ စနစ်တကျထားရှိရပါမယ်။ စိုစွတ်မှုမရှိစေဖို့ အခင်းကို ဝါးကြမ်း(သို့မဟုတ်) သစ်သားကြမ်းခင်းတွေနဲ့ ခင်းကျင်းပေးရပါမယ်။ အင်္ဂါတေအခင်းဖြစ်ရင် ကောက်ရိုး၊ မြက်ခြောက် စတာတွေ ခင်းပေးဖို့လိုပါတယ်။

"ဆိတ်တင်းကုပ်/ဆိတ်ခြံကို ဘယ်လိုပုံစံနဲ့ ဆောက်ဆောက် မွေးမြူရေးလုပ်ငန်းတစ်ခု အကျိုးအမြတ်ရရှိဖို့အတွက် သင့်လျော်တဲ့ ကုန်ကျစရိတ်သာ ကုန်ကျစေပြီး ရေရှည်စီးပွားရေး တွက်ခြေကိုက်စေဖို့ အရေးကြီးပါတယ်။

"ကဲ ကိုထွန်းမောင်ရေ။ ဆိတ်မွေးမြူရေးနဲ့ ပတ်သက်တဲ့ သိသင့်တဲ့ အချက်တွေ ပြောဆိုဆွေးနွေးပြီးကြပြီးဆိုတော့ နောက်တစ်ခေါက် ပြန်ဆုံတဲ့အခါကျမှ ဆိတ်တွေအတွက် မွေးမြူနည်းစနစ်တွေ၊ အစာရေစာကျွေးမွေးခြင်းနဲ့ ကျန်းမာရေးစောင့်ရှောက်ခြင်းတွေကို ဆွေးနွေးပြောကြားပေးဦးမယ်ဗျာ။ အခုတော့ အချိန်လည်းလင့်နေပြီမို့ အိမ်ပြန်လိုက်ဦးမယ်ဗျာ"

"ကျေးဇူးတင်ပါတယ်။ ဒေါက်တာ ပြောပြဆွေးနွေးသမျှတွေကို လိုက်နာမှတ်သားပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ရင်း အောင်မြင်တဲ့ ဆိတ်မွေးမြူသူတစ်ယောက်ဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်ဗျာ"ဟု ဖြေကြားရင်း ယုံကြည်ချက်အပြည့်ဖြင့် အားသစ်အင်သစ် ခွန်အားသစ်များနှင့်အတူ စွမ်းဆောင်မည်ဟု သန္ဓိဋ္ဌာန်ချမှတ်မိပါတော့သည်။ ။

မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးအား တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိ

နေပြည်တော် သြဂုတ် ၅

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုံးဝအခြေမပြုနိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများ၊ အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည့် အပြင် တရားမဝင် ပြည်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်အခြေချနေထိုင်ခြင်း မရှိစေရေး အတွက်လည်းအသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(၁)အုပ်စု ဧရာလေလန်ပူးပေါင်းစစ်ဆေးရေးဂိတ်အနီး ရှောင်ကွင်းလမ်းအား ယနေ့ နံနက် ၄ နာရီခန့်တွင် ရှောင်တခင် စစ်ဆေးခဲ့ရာ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသည့် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသားနှစ်ဦးအား စစ်ဆေးမေးမြန်းချက်အရ ဝမ်ပုံကျေးရွာအနီးတွင် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်၍ ခိုအောင်းနေထိုင်သော တရုတ်နိုင်ငံသားများ ရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် တရားမဝင်နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသူများအား ဖော်ထုတ်ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာ၏ တောင်ဘက် မီတာ ၄၆၀၀ ခန့်အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦး၊ အမျိုးသမီးတစ်ဦးပေါင်း ၂၀ ကိုလည်းကောင်း၊ အဆိုပါနေရာ၏ အရှေ့မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာတွင် တရုတ်နိုင်ငံသား အမျိုးသား ၁၉ ဦးအားလည်းကောင်း ထပ်မံ ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သဖြင့် တရုတ်နိုင်ငံသား အမျိုးသား ၄၀၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၁ ဦးအား ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၄၁ ဦးအား တာချီလိတ်မြို့နယ်အတွင်း ဖမ်းဆီးရမိမှုနေရာပြမြေပုံ။

တာချီလိတ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၄၀၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၄၁ ဦးအား ဖမ်းဆီးရမိမှု။

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ပြောင်းဆေးများ သုံးစွဲခြင်း၏ ဘေးအန္တရာယ်များ အသိပညာပေး

ရန်ကုန် သြဂုတ် ၅

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးများ အန္တရာယ်ကို ပိုမိုသိရှိနိုင်စေရန် ဟောပြာပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ ယုဇနခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်မင်းသူက အမှာစကားပြောကြားပြီး ဒုတိယမြို့နယ် ရဲတပ်ဖွဲ့မှူးဝင်းကျော်က မူးယစ်ဆေးဝါးအုပ်စုငါးမျိုးနှင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည်များကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမူယာကျော်က ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ၊ အီးစီးကရက်၏ နောက်ဆက်တွဲဆိုးကျိုးများ၊ စိတ်ကြွဆေးအန္တရာယ်များနှင့် ရှုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် အမေးအဖြေများ ပြုလုပ်၍ အဖြေမှန်သူများအား ကျောင်းသုံးဗလာစာအုပ်များ ချီးမြှင့်ပေးပြီး မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

မြို့သစ်မြို့နယ်အတွင်းရှိ (KG)ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

မြို့သစ် သြဂုတ် ၅

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ တတိယအကြိမ် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို သက်ဆိုင်ရာ အခြေခံပညာကျောင်းအသီးသီး၌ ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ အာဟာရကျွေးမွေးရာတွင် မြို့သစ်မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်၏ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် အသိပညာပေးခြင်း၊ မျက်စိအမြင်စစ်ဆေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ကာ ကလေးများအတွက်အာဟာရဖွံ့ဖြိုးစေမည့်ထမင်း၊အသားဟင်းနှင့်အသီးအရွက်များကို အာဟာရအဖြစ် ကျွေးမွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပုလဲမြို့၏ အနောက်ဘက်၌ အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် သြဂုတ် ၅

၂၀၂၆ ခုနှစ် သြဂုတ် ၅ ရက် မြန်မာစံတော်ချိန် ၀၆ နာရီ၊ ၄၁ မိနစ်၊ ၅၇ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ပုလဲမြို့၏ အနောက်ဘက် ၂၂ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၅၂ ဒီဂရီ၊ အနက် ၈၉ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၉ (M)အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

❑ *ကျော်ဖုံးမှ*

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းကို ၁၀ ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၂၃ ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာန အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၁၉ ဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အသင်းကို လေးဂိုး– နှစ်ဂိုးဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအသင်းကို လေးဂိုး – တစ်ဂိုးဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ယှဉ်ပြိုင်ကစားမည်

သြဂုတ် ၆ ရက်တွင် ဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ အဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဝို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားမည် ဖြစ်ပြီး အားကစား၀ါသနာရှင်များ မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

■ *ကျော်ဖုံးမှ*

ဟသ်ာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာသို့ ရေဝင်ရောက်မှုများဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ၀၀နှတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်ခြင်းကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၇၂ ရွာ၊ ဟသ်ာတမြို့နယ် ၂၆ ရွာ၊ ရေကြည်မြို့နယ် ခြောက်ရွာနှင့် ကျုံပျော်မြို့နယ် နှစ်ရွာ စုစုပေါင်း ၁၀၆ ရွာရှိ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၁၃ ခု ဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျော်ဖုံးမှ*

သော်လည်း ဒုတိယပိုင်းပွဲချိန်များတွင် ISPE အသင်းက သုံးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ISPE အသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၇၅ မိနစ်၊ ၈၈ မိနစ်နှင့် နာကျင်အချိန်ပို (၉၀+၃) မိနစ်တို့တွင် ကျောနံပါတ် ၁၇ လင်းမြင့်မိုရ်က ဆက်တိုက်သွင်းယူပေးခဲ့ပြီး ဟက်ထရစ်ဂိုးများဖြင့် အသင်းအတွက် နိုင်ပွဲရယူပေးခဲ့သည်။

လက်ရှိ အမှတ်ပေးဇယား အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် ISPE အသင်းသည် ယခုရာသီ၏ အကောင်းဆုံးနှင့်ခြေစွမ်းအတည်ငြိမ်ဆုံး အသင်းတစ်သင်းဖြစ်သလို ယနေ့ပွဲစဉ်အပါအဝင် ရှစ်ပွဲကစားပြီးချိန်တွင် ရှုံးပွဲမရှိသေးဘဲ အကောင်းဆုံးပုံစံဖြင့် ဦးဆောင်နေသည့်အသင်းဖြစ်သည်။

အဆင့်(၇)နေရာမှ မြ၀တီအသင်းသည် ရလဒ်ပိုင်းမတည်ငြိမ်သေးဘဲ ရှန်းကန်နေရသလို ယနေ့ပွဲစဉ်တွင် ISPE အသင်းကို ရှုံးနိမ့်ခဲ့သည့်အတွက် အမှတ်ပေးဇယားအောက်ဘက်သို့ ထပ်မံကျဆင်းခဲ့သည်။

ပဒုမ္မာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲစတင်ပြီး ၈ မိနစ်မှာပင် ရှမ်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ယုယနိုင်က သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၃၂ မိနစ်တွင် ဆောင်းနှင်းဖွေးက ဒုတိယအနိုင်ဂိုးကို ထပ်မံရယူပေးခဲ့သဖြင့် ပထမပိုင်းပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး – ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၆၈ မိနစ်တွင် ရတနာပုံအသင်း ပယ်နယ်တီ ရရှိခဲ့ပြီး တိုက်စစ်မှူး ဝင်းသိဂီထွန်းက ချေပဂိုးအဖြစ် ပြန်လည်သွင်းယူပေးခဲ့သော်လည်း ပွဲပြီးဆုံးချိန်အထိ ထပ်မံဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး–တစ်ဂိုး ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ပွဲစဉ်(၈)အပြီးတွင် ISPE အသင်းက ၂၂ မှတ်၊ ဧရာ၀တီအသင်းက ၁၉ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၆ မှတ်၊ သစ္စာအားမာန်အသင်းက ၁၃ မှတ်နှင့် ရတနာပုံအသင်းက ၁၁ မှတ် ရရှိခဲ့သည်။

ယနေ့ပွဲစဉ်များတွင် ISPE အသင်းမှ ကျောနံပါတ် ၁၇ လင်းမြင့်မိုရ်နှင့် ရှမ်းယူနိုက်တက်အသင်းမှ ကျောနံပါတ် ၄ ထရီဆာဒါကို က AYA PAY Player Of The Match ဆုကိုရရှိခဲ့သည်။

နေမျိုး

ဓာတ်ပုံ–MWL

▲ *ကျော်ဖုံးမှ*

၉၄ မှတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၆၃ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၉၉ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဂ)မှ မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၆၃ မှတ်ဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းက နေပြည်တော်အသင်းကို ၅၂ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ဃ)မှ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၈၁ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

အမျိုးသမီးပွဲစဉ်တွင် အုပ်စု(က)မှ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃၈ မှတ်ဖြင့်လည်းကောင်း၊ ဧရာ၀တီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂၉ မှတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၅၃ မှတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၆၀ မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။

နေမျိုး၊ ဓာတ်ပုံ–ကိုမင်း

ချယ်ဆီးက ခံစစ်ကစားသမား ချာဗာရီယာကို အပြီးသတ် ခေါ်ယူရန် နီးစပ်နေ

ချယ်ဆီး အသင်းသည် ဗယ်လက်ကာနီအသင်း ခံစစ်ကစားသမား ပက်ချာဗာရီယာကို ပြောင်းရွှေ့ကြေး ပေါင် ၁၆ ဒသမ ၃ သန်းဝန်းကျင်ဖြင့်ခေါ်ယူရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

ချယ်ဆီးအသင်းသည် အသက် ၂၈ နှစ်အရွယ် ခံစစ်ကစားသမား ချာဗာရီယာနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီချက်ရရှိထားပြီး အပိုဆုကြေးအပြင် ပြောင်းရွှေ့ကြေး ပေါင် ၁၆ ဒသမ ၃ သန်းဝန်းကျင်ဖြင့် အပြီးသတ်ခေါ်ယူရန် နီးစပ်နေခြင်းဖြစ်သည်။

အဆိုပါ ကစားသမားသည် နည်းပြသစ်ဇာဗီအလွန်ဆို ဦးစားပေးခေါ်ယူရန် ပစ်မှတ်ထားနေသည့် ကစားသမားများထဲမှ တစ်ဦးလည်းဖြစ်သည်။ ချယ်ဆီးအသင်းသည် အက်စ်တွန်ဗီလာမှ တိုက်စစ်ကစားသမား မော်ဂန် ရော်ဂျာစ်ကို ကလပ်စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၁၁၇ သန်းဖြင့် ခေါ်ယူအားဖြည့်ထားသည့်အပြင် ခရစ္စတယ်ပဲလေ့စ် အသင်းမှ ခံစစ်ကစားသမား မက်ဆန့်လားခရော့စ်ကို ပြောင်းရွှေ့ကြေး ပေါင် ၅၂ သန်းဖြင့်ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

အောင်ဇော်



ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။

အင်ဒိုနီးရှားက ရုရှားထံမှ ရေနံစိမ်းတင်သွင်းနိုင်ရေး ကာလရှည်စာချုပ်ချုပ်ဆိုရန် ပြင်ဆင်

ဂျကာတာ သြဂုတ် ၅

အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံ၏ စွမ်းအင်ဖူလုံမှုအားကောင်းစေရေး ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်း အဖြစ် ရုရှားနိုင်ငံမှ ရေနံစိမ်းများ တင်သွင်းနိုင်ရေးအတွက် ကာလရှည်စာချုပ်တစ်ရပ် ချုပ်ဆိုရန် ပြင်ဆင်နေကြောင်း စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး ဘာလီလ်လာဟာဒါလီယာ က သြဂုတ် ၅ ရက်တွင် ပြောကြားသည်။

ပထမအကြိမ် ရေနံစိမ်းတင်ပို့မှု ရောက်ရှိလာပြီဖြစ်ပြီး ဒုတိယအဆင့် ရေနံစိမ်းတင်သွင်းနိုင်ရေးနှင့်ပတ်သက်၍လည်း ဆောင်ရွက်လျက်ရှိကြောင်း လာဟာဒါလီယာက ဂျကာတာမြို့ရှိ သတင်းထောက်များအား ပြောကြားသည်။ ထို့အပြင် နောင်တွင် ကာလရှည်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး ဘာလီလ်လာဟာဒါလီယာ။

ရေနံစိမ်း တင်သွင်းမှုများကို နိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီ ပါတာမိနာထက် အစိုးရဦးဆောင်သည့် ဝယ်ယူစုဆောင်းရေး အစီအစဉ် အောက်ရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ စမ်းသပ်စစ်ဆေးရေး ဗဟိုဌာနမှတစ်ဆင့် တာဝန်ယူ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း လာဟာဒါလီယာက ပြောသည်။

ဆင်ဟွာ

အစ္စရေးနှင့် လက်ဘနွန်တို့ ဆွေးနွေးပွဲ ရောမမြို့၌ ပြန်လည်စတင်

ရောမ သြဂုတ် ၅

အမေရိကန်၏ ကြားဝင်ဆောင်ရွက်ပေးမှုဖြင့် အစ္စရေးနှင့် လက်ဘနွန်တို့၏ ဆွေးနွေးပွဲကို သြဂုတ် ၄ ရက်က ရောမမြို့၌ ပြန်လည်စတင်ခဲ့ပြီး နယ်စပ်တစ်လျှောက် လုံခြုံရေးအစီအမံများ တိုးတက်ကောင်းမွန်စေရေးနှင့် ဒွန်လနောင်းပိုင်းက ဝါရှင်တန်မြို့၌ ပြုလုပ်ခဲ့သည့် သဘောတူညီချက်မူဘောင် အကောင်အထည်ဖော်ရေးတို့ကို ရည်ရွယ်ထားကြောင်း ပြည်တွင်းမီဒီယာတွင် ဖော်ပြသည်။

သုံးရက်ကြာ ကျင်းပမည့် အဆိုပါဆွေးနွေးပွဲကို ရောမမြို့ရှိ အမေရိကန်သံရုံး၌ ကျင်းပနေခြင်းဖြစ်ပြီး အမေရိကန်က ကြားဝင်ဆောင်ရွက်ပေးသည့် သုံးနိုင်ငံစေ့စပ်ညှိနှိုင်းမှု မူဘောင်အောက်တွင် နှစ်ဖက်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် လက်ဘနွန်နိုင်ငံတောင်ပိုင်း လုံခြုံရေးအစီအမံများ၊ ဖြေရှင်းရန် ကျန်ရှိနေသည့် နယ်စပ်ပြဿနာများနှင့် ဟစ်ဇ်ဘိုလာအဖွဲ့၏ လက်နက်ဖျက်သိမ်းရေးကိစ္စများကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ယူရိုနယူးစ်က ဖော်ပြသည်။

ထိုအတောအတွင်း ဟစ်ဇ်ဘိုလာခေါင်းဆောင် နာအီကက်ဆမ်က အဆိုပါဆွေးနွေးပွဲနှင့် ဆွေးနွေးပွဲမူဘောင် သဘောတူညီချက်များကို ဆန့်ကျင်ကြောင်း ထပ်မံပြောကြားခဲ့သည်။ ယခုဆွေးနွေးပွဲသည် အမေရိကန်၏ ကြားဝင်ဆောင်ရွက်ပေးမှုဖြင့် ပြုလုပ်သည့် သတ္တမ အကြိမ်မြောက် ဆွေးနွေးပွဲဖြစ်သည်။

ဆင်ဟွာ

အာကာသအတွင်း မျောပါနေသော ဒုံးပျံအစိတ်အပိုင်းတစ်ခု လကိုတိုက်မိနိုင်ခြေရှိ

ဝါရှင်တန် သြဂုတ် ၅

အမေရိကန် အာကာသအေဂျင်စီ နာဆာ (NASA) က အာကာသအတွင်း မျောပါနေသော အသုံးမပြုတော့သည့် ဒုံးပျံအစိတ်အပိုင်းတစ်ခုသည် လကို တိုက်မိနိုင်ခြေရှိကြောင်း ပြောကြားထားသည်။

နာဆာက အဆိုပါဖြစ်စဉ်ကို စောင့်ကြည့်လေ့လာ သွားမည်ဖြစ်ပြီး အနာဂတ်တွင် လသို့ သွားရောက်မည့် အာကာသ မစ်ရှင်များအတွက် အသုံးပြုနိုင်မည့် အချက်အလက်များ စုဆောင်းရန် စီစဉ်ထားကြောင်းနှင့် အဆိုပါ တိုက်မိမှုသည် ကမ္ဘာမြေအတွက် မည်သည့်အန္တရာယ်မျှ ဖြစ်ပေါ်စေမည်မဟုတ်ကြောင်း နာဆာက ပြောကြားသည်။

ထို့အပြင် အဆိုပါတိုက်မိမှုကို စောင့်ကြည့် လေ့လာခြင်းမှ တစ်ဆင့် လ၏ဘူမိဗေဒဆိုင်ရာ အချက်အလက်များနှင့် အနာဂတ် လစူးစမ်းရေး လုပ်ငန်းများ အတွက် အသုံးဝင်နိုင်မည့် သိပ္ပံဆိုင်ရာ ဗဟုသုတများ ရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။ **အင်နန်အိတ်ချ်ကေ**

ယူနန်ပြည်နယ်၌ ဓာတုဗေဒစက်ရုံ မီးလောင်မှုကြောင့် ဒေသခံ ၁၂၀၀ ကျော် ဘေးလွတ်ရာရွှေ့ပြောင်း

ကူမင်း သြဂုတ် ၅

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ် မြို့တော်ကူမင်း၌ သြဂုတ် ၄ ရက်က ဓာတုဗေဒစက်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ရာ အသက်ရှူလမ်းကြောင်း ထိခိုက်စေနိုင်သည့် မီးခိုးငွေ့များ ပတ်ဝန်းကျင်လေထုအတွင်း ပျံ့နှံ့ခဲ့သဖြင့် ဒေသခံ ၁၂၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသခံအာဏာပိုင်များက သြဂုတ် ၅ ရက်တွင် ပြောကြားသည်။ သြဂုတ် ၄ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က ကျင်းနင်းခရိုင်ရှိ ဓာတုဗေဒကုမ္ဗဏီတစ်ခုတွင် အဝါရောင် ဖော့စဖရပ်စ်များ တင်ဆောင်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ခရိုင်အစိုးရက သတင်းထုတ်ပြန်သည်။

အဆိုပါမီးကို သြဂုတ် ၄ ရက် ည ၁၀ နာရီ ၇ မိနစ်က ငြိမ်းသတ်နိုင်ခဲ့သည်။ အဝါရောင် ဖော့စဖရပ်စ်များ လောင်ကျွမ်းရာမှ ထွက်ရှိလာသည့် မီးခိုးငွေ့များကြောင့် လေထုအရည်အသွေးကျဆင်းခဲ့သည်။ ယင်းမီးခိုးငွေ့များနှင့် ထိတွေ့မိသူများသည် မျက်လုံးနှင့် နှာခေါင်း ယားယံခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ မအီမသာဖြစ်မှုများ ခံစားရနိုင်ကြောင်း သိရသည်။

လက်ရှိတွင် ကုမ္ဗဏီ၏ ထုတ်လုပ်မှုလုပ်ငန်းများနှင့် လည်ပတ်မှုလုပ်ငန်းများကို ရပ်နားထားပြီး အာဏာပိုင်များက ပတ်ဝန်းကျင်စောင့်ကြည့်အကဲဖြတ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆင်ဟွာ

အိန္ဒိယကုန်တင်သင်္ဘော တိုက်ခိုက်ခံရပြီး ပင်လယ်နီအတွင်း နစ်မြုပ်၊ သင်္ဘောသားအားလုံး ကယ်တင်နိုင်ခဲ့

နယူးဒေလီ သြဂုတ် ၅

အိန္ဒိယအလံတင်ကုန်တင်သင်္ဘော MSV Faize Noore Oliya သည် ယီမင်ကမ်းလွန်၌ တိုက်ခိုက်ခံရပြီးနောက် ပင်လယ်နီအတွင်း နစ်မြုပ်ခဲ့ကြောင်း သြဂုတ် ၅ ရက်တွင် အိန္ဒိယဆိပ်ကမ်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ရေလမ်းကြောင်းဆိုင်ရာ ဖက်ဒရယ်ဝန်ကြီး ဆာဘာနန်ဒါ ဆိုနိုဝဲလ်က ပြောကြားသည်။

သင်္ဘောနစ်မြုပ်မှု ဖြစ်ပွားခဲ့သော်လည်း သင်္ဘောပေါ်ရှိ အမှုထမ်း ၁၄ ဦးစလုံးကို ဘေးအန္တရာယ်ကင်းစွာ ကယ်တင်နိုင်ခဲ့ကြောင်းနှင့် ယင်းသင်္ဘောသည် ဆော်ဒီအာရေဗျနိုင်ငံမှ ရေနံများတင်ဆောင်လာသည့် သင်္ဘောဖြစ်ကြောင်း သိရသည်။

သင်္ဘော တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ရှုတ်ချထားပြီး အဆိုပါ ဒေသတွင် ကုန်တင်သင်္ဘောများ အဆက်မပြတ် တိုက်ခိုက်ခံနေရခြင်းမှာ အလွန်စိုးရိမ်ဖွယ်ရာ ကောင်းကြောင်း ပြောကြားထားသည်။

ယခုနှစ် အစပိုင်းမှစတင်၍ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခအတွင်း လက်ရှိအချိန်အထိ သင်္ဘောသား ၁၀ ဦးအပါအဝင် အိန္ဒိယနိုင်ငံသား ၁၆ ဦး အသက်ဆုံးရှုံးခဲ့မှုနှင့် ပတ်သက်၍ အိန္ဒိယဖက်ဒရယ်အစိုးရက ပြီးခဲ့သည့် သီတင်းပတ်တွင် လွတ်တော်သို့ အသိပေးတင်ပြခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ကယ်လီဖိုးနီးယားဂေါက်ကွင်း၌ လက်နက်ကိုင် သံသယရှိသူကို အာဏာပိုင်များ ဖမ်းဆီးထိန်းသိမ်း

ဝါရှင်တန် သြဂုတ် ၅

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကယ်လီဖိုးနီးယားပြည်နယ်သို့ မလာရောက်မီ နှစ်ရက်အလိုတွင် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဂေါက်ကွင်းတစ်ခု၌ လက်နက်ကိုင်ဆောင်ထားသည်ဟု သံသယရှိသူ တစ်ဦးကို အမေရိကန်အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ဖက်ဒရယ်အေးဂျင့်များသည် သြဂုတ် ၂ ရက် မွန်းလွဲပိုင်းတွင် ထရမ့် အမျိုးသားဂေါက်ကွင်း၌ သံသယဖြစ်ဖွယ်လူတစ်ဦးရှိနေကြောင်း လေ့စုံအိန်ဂျလိစ်ခရိုင်ရှိ ဥပဒေစိုးမိုးရေးအရာရှိများထံ အသိပေးခဲ့သည်ဟု သိရသည်။

သံသယရှိသူသည် ဂေါက်ကွင်းအနီးတစ်ပိုက်တွင် လှည့်လည်သွားလာနေပြီး ဓာတ်ပုံများနှင့် ဗီဒီယိုများ ရိုက်ကူးနေသကဲ့သို့ လုံခြုံရေးဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာနေသည့်ပုံပေါ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။ အာဏာပိုင်များက သံသယရှိသူအား ရှာဖွေစစ်ဆေးရာတွင် ခန္ဓာကိုယ်ပေါ်တွင် ကျည်ဆန်များတွေ့ရှိခဲ့ပြီး သေနတ်တစ်လက်ကိုလည်း ၎င်း၏ယာဉ်အတွင်းမှ ထပ်မံတွေ့ရှိခဲ့သည်။ ထို့ကြောင့် အာဏာပိုင်များက ၎င်းအား လက်နက်ကိုင်ဆောင်မှုနှင့် အခြားပြစ်မှုဆိုင်ရာ သံသယများဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ **အင်နန်အိတ်ချ်ကေ**

အာဖဂန်နစ္စတန်ကလေးများ၏ အာဟာရချို့တဲ့မှုပြဿနာ စိုးရိမ်ဖွယ်အဆင့်သို့ရောက်ရှိလာဟု ကုလသမဂ္ဂသတိပေး

ကျိနီဗာ သြဂုတ် ၅

ကုလသမဂ္ဂက အာဖဂန်နစ္စတန်နိုင်ငံရှိ ကလေးများ၏ အာဟာရချို့တဲ့မှုပြဿနာသည် အလွန်စိုးရိမ်ဖွယ် အကျပ်အတည်းအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပေးထားပြီး အဓိကအကြောင်းရင်းများမှာ ရန်ပုံငွေမလုံလောက်ခြင်း၊ နိုင်ငံအတွင်းနှင့် နိုင်ငံပြင်ပရှိ ပဋိပက္ခများကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ကလည်း အရေးပေါ်အကူအညီများ မရရှိပါက ကလေးများ၏ အသက်ကို ကယ်တင်နိုင်တော့မည် မဟုတ်ကြောင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်များအနက် သုံးပုံတစ်ပုံတွင် ကလေးများ၏ အာဟာရချို့တဲ့မှုပြဿနာသည် စံချိန်တင်ဆိုးရွားနေကြောင်း သြဂုတ် ၄ ရက်တွင် ထုတ်ပြန်ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ကလေး ၃ ဒသမ ၇ သန်းနီးပါးသည် ပြင်းထန်သော အာဟာရချို့တဲ့မှုကို ခံစားရနိုင်ပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် နို့တိုက်မိခင် ၁ ဒသမ ၂ သန်းခန့်လည်း အဆိုပါပြဿနာကို ကြုံတွေ့ရနိုင်ကြောင်း ခန့်မှန်းထားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က အရေးပေါ်ရန်ပုံငွေနှင့် အကူအညီများ ချက်ချင်းမရရှိပါက ထိုအရေအတွက်မှာ ဆက်လက်မြင့်တက်လာနိုင်ကြောင်း ပြောကြားထားသည်။

ကုလသမဂ္ဂ၏ သက်ဆိုင်ရာအဖွဲ့အစည်းများက လက်ရှိအခြေအနေသည် လျင်မြန်စွာ ပိုမိုဆိုးရွားလာနေပြီး အဓိကအကြောင်းရင်းများမှာ ပဋိပက္ခများ၊ အလုပ်လက်မဲ့ဖြစ်မှု၊ အစားအစာစျေးနှုန်းများ မြင့်တက်လာခြင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ လျော့နည်းလာခြင်းတို့ဖြစ်ကြောင်း ပြောကြားထားသည်။

အင်နန်အိတ်ချ်ကေ

ဂျာခန်းပြည်နယ်၌ မိုးကြိုးပစ်မှုကြောင့် ၁၄ ဦး သေဆုံး

နယူးဒေလီ သြဂုတ် ၅

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဂျာခန်းပြည်နယ်၌ မိုးကြိုးပစ်ခတ်မှုများကြောင့် ၁၄ ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများက သြဂုတ် ၅ ရက်တွင် ဖော်ပြသည်။ သြဂုတ် ၄ ရက် မွန်းလွဲပိုင်းက ဂိရိဒီ၊ ဒမ်ကာနှင့် လာတီဟာခရိုင်တို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယမိုးလေဝသဌာနက သြဂုတ် ၅ ရက်မှ ၈ ရက်အထိ နိုင်ငံတစ်ဝန်း နေရာအနှံ့ မိုးရွာသွန်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းထားသည်။ နှစ်စဉ် မိုးရာသီကာလအတွင်း အိန္ဒိယနိုင်ငံ၌ မိုးကြိုးပစ်ခတ်မှုများကြောင့် ရာနှင့်ချီ သေဆုံးလေ့ရှိသည်။

ဆင်ဟွာ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အားလုံးအတွက်ကျန်းမာရေး
သန့်(၅)သန့်နှင့်အညီ နေထိုင်ပေး



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။

(၁) လက်သန့်

လက်တွင် ကပ်ပါလာနိုင်သည့် မစင်အညစ်အကြေးအနည်းငယ် (၁ ဂရမ်)တွင် လူတို့ကို ရောဂါဖြစ်၍ သေစေနိုင်သော-

- ဗိုင်းရပ်စ်ရောဂါပိုး - ၁၀ သန်း
- ဘက်တီးရီးယားရောဂါပိုးပေါင်း - ၁ သန်း
- ကပ်ပါးရောဂါပိုးပေါင်း - ၁ ထောင်ပါဝင်သည်။ (ဥပမာ-သန်ကောင်၊ သန်ဥ)

သန့်ရှင်းသောလက် ဆေးတစ်ခွက်

- အစာမစားမီနှင့် အစာစားပြီးတိုင်း၊
- အစားအစာ မချက်ပြုတ်/မပြင်ဆင်မီ၊
- အသား/ငါး/ဥအမျိုးမျိုးကို ကိုင်တွယ်ပြီးတိုင်း၊
- ကြက်၊ ၄က်၊ တိရစ္ဆာန်များကို ကိုင်ပြီးတိုင်း၊
- အိမ်သာတက်ပြီးတိုင်း၊
- ကလေးအညစ်အကြေးများ ကိုင်တွယ်ပြီးတိုင်း၊
- အမှိုက်၊ အညစ်အကြေးများ ကိုင်ပြီးတိုင်း၊
- မျက်နှာ၊ မျက်စိ၊ နှာခေါင်းများကို မကိုင်တွယ်မီ အချိန်တိုင်း

လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ သန့်ရှင်းစင်ကြယ်အောင် အနည်းဆုံး စက္ကန့်(၂၀)ကြာအောင် ဆေးကြောပါ။

-၂-

(၂) အစာသန့်

အစားအစာသန့်ရှင်းရေးသည် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရန် အဓိကအရေးကြီးပါသည်။

- အစားအစာများကို ယင်မနားစေရန် ဖုံးအုပ်ထားပါ၊
- အစားအစာများကို ပူပူနွေးနွေး စားသုံးပါ။
- အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို သီးခြားခွဲ၍ သန့်ရှင်းသောရေဖြင့် စနစ်တကျစင်ကြယ်အောင် ဆေးကြောပါ၊
- အသား၊ ငါးများကို ကျက်အောင်ချက်ပြုတ်ပါ၊
- အသုံးပြုပြီးသော စဉ်းတီတုံးနှင့် ဓါးကို သေချာစွာဆေးကြောပါ၊
- အိုး၊ ခွက်၊ ပန်းကန်များကို စနစ်တကျစင်ကြယ်အောင် ဆေးကြောပါ။

သန့်ရှင်းသော အစားအစာ၊ ရောဂါကင်းသော မိသားစု

-၃-

(၃) ရေသန့်

သန့်ရှင်းသော သောက်သုံးရေ ရရှိစေရန်အတွက်-

- ရေကို ကျိုချက်သောက်ပါ၊
- FDA မှ ထောက်ခံချက်ရထားသော ရေသန့်ကို သောက်သုံးပါ၊
- ကလိုရင်းဆေးခတ်ပါ၊
- ရေသန့်စင်ဆေးပြား အသုံးပြုပါ၊
- Life straw ရေသန့်စင်စက်ကို အသုံးပြုပါ။

မသန့်ရှင်းသောရေကို သောက်သုံးမိပါက ရောဂါဝိုးများ ကူးစက်ခံရနိုင်ပါသည်။

ရေကိုဆူပွက်အောင်ကြိုချက်ခြင်း

ရေသန့်စင်ဆေးပြား

ရေသန့်စင်စက် (Life Straw)

-၄-

(၄) အိမ်သာသန့်

ကျန်းမာရေးနှင့်ညီညွတ်သော အိမ်သာဖြစ်စေရန်-

- ယင်လုံရမည်၊
- အနံ့လုံရမည်၊
- အရှက်လုံရမည်၊
- ရေလုံလောက်ရမည်၊
- သန့်ရှင်းရမည်၊
- မစင်မှရောဂါမပြန့်ပွားစေရန် တားဆီးနိုင်ရမည်၊
- လက်ဆေးရန် ရေနှင့်ဆပ်ပြာ အနီးတွင်ရှိရမည်၊
- ရေထွက်ပင်ရင်းနှင့်အိမ်သာသည် အနည်းဆုံး ပေ ၅၀ အကွာတွင်ရှိရမည်၊
- ဝမ်းပျက်ဝမ်းလျှောရောဂါနှင့်အူရောင်ငန်းဖျားရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးနှင့်ညီညွတ်သောယင်လုံအိမ်သာ သုံးစွဲရပါမည်။

ယင်လုံအိမ်သာသုံးစွဲရန် မိသားစုတိုင်းတွင် တာဝန်ရှိသည်။

-၅-

(၅) ပတ်ဝန်းကျင်သန့်

ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်စေရန်-

- အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများတွင်သာ စနစ်တကျစွန့်ပစ်ပါ၊
- ကြွက်၊ ခြင်၊ ယင် မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ၊
- ရေမြောင်းများအား ရေစီး/ရေလာကောင်းအောင် ဆောင်ရွက်ပါ၊
- စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ပါ၊
- မြေပြင်နှင့်ရေပေါ်တွင် မစင်စွန့်ခြင်းကို ရှောင်ကြဉ်ပါ၊
- အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့၊ မီးခိုးငွေ့များ စည်းကမ်းမဲ့စွန့်ထုတ်ခြင်းကို ရှောင်ကြဉ်ပါ။

ပတ်ဝန်းကျင်သန့်ရှင်းရေး အလေ့အကျင့်ကောင်းများ

-၆-

စီးပွားရေးအခွင့်အလမ်းများသည့် ပန်း စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရေး

ဒေါက်တာ မောင်အောင်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် ကုန်းမြေတစ်ဆက်တည်းဖြစ်ပြီး စိုက်ပျိုးမှုနှုန်းမှာလည်း အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အနည်းဆုံး ၂၀ ရာခိုင်နှုန်းခန့်ဖြစ်သောကြောင့် လယ်ယာလုပ်ငန်းတိုးချဲ့နိုင်မှု အလားအလာအကောင်းဆုံး ဖြစ်ပါသည်။

ထို့ပြင် ယခုအခါ ကမ္ဘာ့စျေးကွက် လယ်ယာအခြေခံထုတ်ကုန်များ၏ ဝယ်လိုအားနှင့် စျေးနှုန်းအမြင့်စျေးရှိပြီး တိုးတက်မှုနှုန်း မြင့်မားသည့် လယ်ယာထွက်ကုန်များကို တိုးချဲ့စိုက်ပျိုးနိုင်လျှင် လယ်ယာထုတ်ကုန်တန်ဖိုး သိသိသာသာ တိုးတက်လာနိုင်ပါသည်။ ဆိုလိုသည်မှာ လက်ရှိထုတ်လုပ်တင်ပို့နေသည့် သီးနှံများသာမက ကမ္ဘာ့စျေးကွက် ဝယ်လိုအားနှင့် စျေးနှုန်းမြင့်ပြီး တိုးတက်မှုအလားအလာကောင်းသော လယ်ယာထွက်ကုန်များကိုသာ စီးပွားဖြစ် ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့မည်ဆိုလျှင် စိုက်ပျိုးသူ၊ ထပ်ဆင့်ပြုပြင်သူများ၊ ကုန်သွယ်သူများနှင့် နိုင်ငံအတွက်ပါအကျိုးများမည်ဖြစ်သည်။ ထို့အတွက် လယ်ယာထုတ်ကုန်များအနက် စျေးနှုန်းမြင့်ပြီး ဝယ်လိုအားကောင်းသည့် ပန်းထုတ်ကုန်ကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရန် လေ့လာသုံးသပ်ဖော်ပြထားပါသည်။

ကမ္ဘာ့ပန်းစျေးကွက်အခြေအနေနှင့်အလားအလာ

ပန်းအမျိုးမျိုးကို နိုင်ငံတိုင်း စိုက်ပျိုးကြသော်လည်း အများဆုံးစိုက်ပျိုးသည့် ၃၁ နိုင်ငံသာ စီးပွားဖြစ် စိုက်ပျိုးရေး (နိုင်ငံခြားတင်ပို့သည့်အဆင့်) လုပ်ဆောင်နေပါသည်။ ပန်းကုန်သွယ်ရေး (ပန်းတင်ပို့မှု) ကို လွန်ခဲ့သည့်နှစ်ပေါင်း ၂၀၀ ကျော်ခန့်က ဥရောပတွင် နယ်သာလန်နိုင်ငံက စတင်ခဲ့သည်။ ဥရောပနိုင်ငံများသို့ ပန်းစီးပွားဖြစ်တင်ပို့ပြီး အင်္ဂလန်နိုင်ငံသို့ အများဆုံးတင်ပို့သူလည်းဖြစ်သည်။

အများဆုံး ထုတ်လုပ်တင်ပို့သူများတွင်လည်း ဥရောပနိုင်ငံများဖြစ်သည့် နယ်သာလန်၊ ဂျာမနီ၊ ပြင်သစ်၊ စပိန်၊ ဘယ်လ်ဂျီယံတို့က အစဉ်အလာအားဖြင့် အရေးပါခဲ့သော်လည်း လွန်ခဲ့သည့် (၄/၅) နှစ်အတွင်း ပန်းစိုက်ပျိုးထုတ်လုပ်တင်ပို့သူများတွင် သိသိသာသာ တိုးတက်လာသည့် နိုင်ငံများမှာ ကင်ညာ(Kenya)၊ အီကွေဒေါ၊ ကိုလံဘီယာ၊ အီသီယိုးပီးယား၊ အစ္စရေး၊ တရုတ်နိုင်ငံတို့အနေဖြင့် အချိန်တိုအတွင်း ပန်းတင်ပို့သူများ ဖြစ်လာကြသည်။

လက်ရှိအခြေအနေ (၂၀၂၆ ခုနှစ်) တွင် ပန်းအများဆုံးတင်ပို့သူမှာ နယ်သာလန်ဖြစ်ပြီး ယင်းနောက်တွင် ကင်ညာ၊ ကိုလံဘီယာ၊ အီကွေဒေါ၊ အီသီယိုးပီးယား၊ ဘယ်လ်ဂျီယံ၊ တရုတ်တို့ အများဆုံးတင်ပို့ပါသည်။ ပန်းစျေးကွက် တန်ဖိုးမှာ ၂၀၂၅ ခုနှစ်တွင် ဒေါ်လာ ၄၀ ဒသမ ၈ ဘီလီယံ၊ ၂၀၂၆ ခုနှစ်တွင် ဒေါ်လာ ၄၂ ဒသမ ၇ ဘီလီယံ ရှိပါသည်။ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ဒေါ်လာဘီလီယံ ၆၀ ခန့်ရှိနိုင်ပြီး နှစ်စဉ်တိုးတက်မှုနှုန်း ၄ ဒသမ ၉ ရာခိုင်နှုန်းဖြစ်၍ မြင့်မားသည့် တိုးတက်မှုနှုန်းပင်ဖြစ်သည်။ ကမ္ဘာတွင်ပန်းအများဆုံးဝယ်ယူ တင်သွင်းသူမှာ ဥရောပနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့ ဖြစ်ပြီး ထို့နောက်တွင် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားတို့ အသီးသီးဖြစ်သည်။

*** ပန်းအမျိုးပေါင်းရာနှင့်ချီရှိသော်လည်း ကမ္ဘာ့ပန်းစျေးကွက်တွင် အများဆုံးတွေ့ရသည့် ပန်းများမှာ နှင်းဆီပန်း၊ ကာနေးရှင်း(Carnation)၊ သစ်ခွပန်းများ၊ လီလီပန်း(Lilies)၊ ကျူးလစ်ပန်း စသည်တို့ဖြစ်ပြီး စျေးကွက်အရောင်းအဝယ်အများဆုံးမှာ နှင်းဆီပန်းဖြစ်သည်။ ယခုအခါ အီကွေတာနှင့်နီးသော တောင်အာဖရိကနိုင်ငံများ၊ ကင်ညာ၊ အီသီယိုးပီးယား၊ တန်ဇနီးနီးယား၊ မော်ရိုကိုနှင့် တောင်အမေရိကနိုင်ငံများဖြစ်သည့် ကိုလံဘီယာ၊ အီကွေဒေါ၊ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ အစ္စရေး စသည့်နိုင်ငံများ၏ ပန်းစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်တင်ပို့မှု အောင်မြင်လာသည့်အတွက် ယခင်အစဉ်အလာအရ ပန်းစျေးကွက်ကို ကြီးစိုးခဲ့ကြသည့် နယ်သာလန်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ စပိန်၊ ပြင်သစ်တို့အတွက် စျေးကွက်ပြိုင်ဆိုင်မှုတွင် ကြီးမားသည့်စိန်ခေါ်မှုလည်းဖြစ်လာ**

၂၀၂၅ ခုနှစ်တွင် နိုင်ငံအလိုက် ပန်းစျေးကွက်တန်ဖိုးများနှင့် တိုးတက်နှုန်းများကို ကြည့်လျှင် အမေရိကန်နိုင်ငံမှာ ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံဖြင့် အများဆုံးဖြစ်ပြီး တိုးတက်နှုန်းမှာ ၅ ရာခိုင်နှုန်းဖြစ်၍ ဒုတိယတိုးတက်မှုနှုန်းအများဆုံးဖြစ်သည်။ တရုတ်၏ ပန်းစျေးကွက်တန်ဖိုးဒေါ်လာ ၄ ဒသမ ၂ ဘီလီယံဖြစ်၍ ဒုတိယအများဆုံး ဖြစ်သော်လည်း တိုးတက်မှုနှုန်းမှာ ၆ ဒသမ ၁ ရာခိုင်နှုန်းဖြစ်၍ အမြင့်ဆုံးဖြစ်သည်။

အခြားတိုးတက်မှုနှုန်းများသည့် နိုင်ငံများမှာ ဂျာမနီ ၄ ဒသမ ၆ ရာခိုင်နှုန်း၊ ကနေဒါ ၄ ဒသမ ၃ ရာခိုင်နှုန်း၊ ဂျပန် ၃ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးဖြစ်ပြီး ယင်းတို့နောက်တွင် သြစတြေးလျှ၊ အိန္ဒိယနှင့် တောင်ကိုရီးယားဖြစ်သည်။ ကမ္ဘာ့ဒေသကြီးများအလိုက် နှိုင်းယှဉ်ကြည့်လျှင် အာရှ-ပစိဖိတ်ဒေသကြီးသည် တိုးတက်မှုနှုန်း ၂၀၂၄ ခုနှစ်မှစ၍ နှစ်စဉ်တိုးတက်မှုနှုန်း ၈ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် အများဆုံးဖြစ်၍ အလားအလာ အကောင်းဆုံး ပန်းစျေးကွက်ဖြစ်ပါသည်။ လက်ရှိ ၂၀၂၆ ခုနှစ်တွင် အာရှ-ပစိဖိတ်ဒေသကြီး၏ ပန်းစျေးကွက်တန်ဖိုးဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံရှိပြီး ၂၀၃၄ ခုနှစ်တွင် တန်ဖိုးအားဖြင့် ဒေါ်လာ ၃၁ ဒသမ ၅ ဘီလီယံ ရှိလာမည်ဖြစ်၍ ရှစ်နှစ်အတွင်း နှစ်ဆ ဝန်းကျင် တိုးတက်လာမည်ဖြစ်သည်။

ကမ္ဘာ့စျေးကွက်ဝင် ပန်းများ

ပန်းအမျိုးပေါင်းရာနှင့်ချီရှိသော်လည်း ကမ္ဘာ့ပန်းစျေးကွက်တွင် အများဆုံးတွေ့ရသည့် ပန်းများမှာ နှင်းဆီပန်း၊ ကာနေးရှင်း(Carnation)၊ သစ်ခွပန်းများ ၊ လီလီပန်း (Lilies)၊ ကျူးလစ်ပန်း စသည်တို့ ဖြစ်ပြီး စျေးကွက်အရောင်းအဝယ် အများဆုံးမှာ နှင်းဆီပန်းဖြစ်သည်။ ယခုအခါ အီကွေတာနှင့်နီးသော တောင်အာဖရိကနိုင်ငံများ ကင်ညာ၊ အီသီယိုးပီးယား၊ တန်ဇနီးနီးယား၊ မော်ရိုကိုနှင့် တောင်အမေရိကနိုင်ငံများဖြစ်သည့် ကိုလံဘီယာ၊ အီကွေဒေါ၊ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ အစ္စရေးစသည့် နိုင်ငံများ၏ ပန်းစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်တင်ပို့မှု အောင်မြင်လာသည့်အတွက် ယခင်အစဉ်အလာအရ ပန်းစျေးကွက်ကို ကြီးစိုးခဲ့ကြသည့် နယ်သာလန်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ စပိန်၊ ပြင်သစ်တို့အတွက် စျေးကွက်ပြိုင်ဆိုင်မှုတွင် ကြီးမားသည့် စိန်ခေါ်မှုလည်း ဖြစ်လာပေသည်။

တိုးပွားလာနေသည့် ပန်းအသုံးပြုမှု

ပန်းများကို နိုင်ငံတိုင်းရှိ အိမ်ထောင်စုတိုင်းနေ့စဉ်အသုံးပြုလျက်ရှိပြီး ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပေါင်းသင်းဆက်ဆံရေးစသည်တို့တွင် အသုံးပြုကြသည်။ သာရေး၊ နာရေးပွဲများ၊ မင်္ဂလာပွဲ၊ မွေးနေ့၊ အမေများနေ့ စသည့် ပွဲအမျိုးမျိုးတို့တွင်လည်း အသုံးပြုလေ့ရှိပါသည်။ ယေဘုယျအားဖြင့် စီးပွားရေးတိုးတက်လာမှုနှင့်အတူ အိမ်ထောင်စုများ၏ သုံးစွဲနိုင်သောဝင်ငွေ တိုးလာသည်နှင့် ပန်းအသုံးပြုမှု တိုးလာလေ့ရှိသလို မြို့ပြများ ထွန်းကားလာမှုနှင့်အတူ ပန်းများ အသုံးပြုမှု များလာပါသည်။

ပန်းအခြေပြုစီးပွားရေးလုပ်ငန်းများအနေဖြင့် စျေးများတွင် လက်လီ လက်ကား ရောင်းချသည့် ဆိုင်များ၊ ကုန်တိုက်ကြီးများ၊ သီးသန့်ပန်းဆိုင်များမှ တန်ဖိုးမြင့်ပန်းခြင်း၊ ပန်းကုံး၊ ပန်းပဒေသာရုံ၊ ပန်းအပင်ပေါက်များ၊ ပန်းပျိုးများစသည်ဖြင့် ထုတ်ကုန်အမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် ထုတ်လုပ်ရောင်းချကြပါသည်။ ပန်းအခြေပြုလုပ်ငန်းများ လုပ်ကိုင်မည်ဆိုလျှင် ပန်း၏အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် ပန်းဆိုင်များအနေဖြင့် သတ်မှတ်ထားသည့် အပူချိန်ကို ထိန်းသိမ်းနိုင်သည့် အအေးခန်းကိုပါ လုပ်ဆောင်နိုင်ရန်လိုပါသည်။ ဆိုလိုသည်မှာ ပန်းခင်းများမှ ပန်းဆိုင်များသို့အရောက် သယ်ယူရာမှအစ ဝယ်ယူသုံးစွဲသူအထိ အအေးခန်းပါသည့် သယ်ယူပို့ဆောင်မှုနှင့် ထိန်းသိမ်းမှုတို့ လိုအပ်ပါသည်။

ပန်းစီးပွားဖြစ်စိုက်ပျိုးထုတ်လုပ် တင်ပို့နေသည့် ပန်းတင်ပို့မှုကို ကြည့်မည်ဆိုလျှင် အများစုမှာ လေကြောင်းဖြင့် တင်ပို့လေ့ရှိပြီး စိုက်ကွင်းမှ တင်ပို့သည့် စျေးကွက်ရှိ အရောင်းဆိုင်များ၊ စူပါမားကတ်များအရောက် အချိန်အားဖြင့် (၂၄-၄၈)နာရီအတွင်း ရောက်ရှိစေရန် စီမံထားသည်။ သယ်ယူဖြန့်ဖြူးမှုတစ်လျှောက်လုံး အအေးခန်းပါရှိသည့် ယာဉ်များ၊ သိုလှောင်ထိန်းသိမ်းမှုများ ပြုလုပ်လေ့ရှိပါသည်။

ဥပမာအားဖြင့်ဆိုရသော် ပန်းတင်ပို့မှုအများဆုံးနှင့် အအောင်မြင်ဆုံးဖြစ်သည့် နယ်သာလန်နိုင်ငံ၏ ပန်းစိုက်ပျိုးတင်ပို့မှုမှာ ရိတ်သိမ်းပြီးသည်နှင့် ချက်ချင်းလေယာဉ်များဖြင့် စျေးကွက်အသီးသီး ဖြစ်သည့် အမေရိကန်၊ ဥရောပနှင့် အာရှနိုင်ငံများသို့ ဖြန့်လေ့ရှိပါသည်။

ယှဉ်ပြိုင်မှုများလာတော့မည့် ပန်းစိုက်ပျိုးတင်ပို့ရေး

ဥရောပနိုင်ငံများ၏ပန်းစိုက်ပျိုးမှုကို လေ့လာမည်ဆိုလျှင် အများစုမှာ မှန်လုံအိမ်များဖြင့် စိုက်ပျိုးလေ့ရှိပြီး လိုအပ်သည့် အပူချိန်ရရှိစေရန် လောင်စာစွမ်းအင်အသုံးပြုရပါသည်။ ကမ္ဘာ့နိုင်ငံများတွင် ဖွံ့ဖြိုးမှုအရကြည့်သော် ဥရောပနိုင်ငံများသည် အခြားနိုင်ငံများထက် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အခြားကမ္ဘာ့တောင်ပိုင်းနိုင်ငံများထက် လူနေမှုအဆင့်အတန်းမြင့်မားမှုနှင့်အတူ ပန်းအသုံးပြုမှု ပိုများခြင်းဖြစ်သည်။ အစဉ်အလာအားဖြင့် ပန်းစိုက်ပျိုးရေးကို လွှမ်းမိုးထားသည်ဆိုသော်လည်း ယခုအခါ တောင်ပိုင်းနိုင်ငံများအနေဖြင့် ပန်းစိုက်ပျိုးမှုတိုးချဲ့လာသည့်အပြင် စရိတ်အရ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် များစွာသက်သာနေခြင်းကလည်း ကမ္ဘာ့ပန်းစျေးကွက်တွင် ယှဉ်ပြိုင်မှုပိုမိုများလာတော့မည်ဖြစ်သည်။

အထူးသဖြင့် လက်ငင်းနှစ်များအတွင်း သိသိသာသာတိုးတက်လာသည့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများဖြစ်သည့် ကိုလံဘီယာ၊ အီကွေဒေါ၊ ကင်ညာ၊ အီသီယိုးပီးယား၊ တန်ဇနီးနီးယား၊ မော်ရိုကို စသည့်နိုင်ငံများ၏ အားသာချက်များမှာ တည်ရှိမှုအရ အီကွေတာနှင့် နီးသော နိုင်ငံများဖြစ်သည့်အတွက် လိုအပ်သည့်အပူချိန်ရရှိသောကြောင့် ပန်းစိုက်ပျိုးခင်းများကို ပလတ်စတစ်ရုံများဖြင့် စိုက်ပျိုးလေ့ရှိပြီး လုံလောက်သော အပူချိန်ရရှိရန် သုံးစွဲရသည့် လောင်စာဆီစရိတ်များစွာ သက်သာပါသည်။

ထို့ပြင် ပန်းစိုက်ပျိုးရေးသည် လုပ်သားများများ သုံးစိုက်ပျိုးရပြီး ခွေးဆွတ်ရသည့်အတွက် အဆိုပါနိုင်ငံများ၏ လုပ်သား (အထူးသဖြင့် အမျိုးသမီးများ) ပေါများမှုနှင့်အတူ နှိုင်းယှဉ်လုပ်ခသက်သာမှုကလည်း အဆိုပါထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြင့်စေပါသည်။ အထူးသဖြင့် လက်ငင်းနှစ်များအတွင်း ဖြစ်ပေါ်လာသည့် အီရန်-အစ္စရေးစစ်ပွဲကြောင့် လောင်စာဆီစွမ်းအင်သယ်ယူပို့ဆောင်မှု အခက်အခဲများကြောင့် နိုင်ငံတိုင်း လောင်စာဆီသုံးစွဲနိုင်မှုနှင့် စျေးနှုန်းများအပေါ် ထိခိုက်မှုများ ရှိနေသည့်အတွက် လောင်စာဆီ အသုံးပြုရသည့် လုပ်ငန်းတိုင်းအတွက် ထုတ်လုပ်မှုစရိတ်တက်လာနေခြင်းသည် ဥရောပနိုင်ငံအပါအဝင် မြောက်ပိုင်းနိုင်ငံများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာနေပေသည်။

ဥရောပနိုင်ငံများ၏ ပန်းစိုက်ပျိုးရာတွင် မှန်လုံအိမ်များကို အသုံးပြုပြီး လိုအပ်သည့်အပူချိန်ရရှိရန် လောင်စာဆီအသုံးပြုရ၍ လက်ငင်းနှစ်များအတွင်း ပန်းထုတ်လုပ်မှုအပေါ် ထိခိုက်လာနေပြီဖြစ်သည်။ ပို၍အားသာသည့်အချက်မှာ သဘာဝနေရောင်ခြည်နှင့် အပူချိန်ရရှိမှုကြောင့် ပန်းများ၏အရောင်အဆင်းကိုသာမက မွေးကြိုင်သည့်အနံ့ကိုပါ ပေးစွမ်းနိုင်ခြင်းကြောင့် မြောက်ပိုင်းနိုင်ငံများ၏ ပန်းများထက် ကြိုက်နှစ်သက်မှု ပိုများလာခြင်း ဖြစ်သည်။ ထို့အတွက်လည်း အီကွေတာနှင့်နီးသည့် တောင်ပိုင်းနိုင်ငံများအနေဖြင့် ပန်းစိုက်ပျိုးတင်ပို့မှုတွင် ဘက်စုံယှဉ်ပြိုင်မှု စွမ်းအား-စရိတ်နှင့် စျေးသက်သာမှု၊ အရောင်အဆင်း၊ မွေးကြိုင်မှု၊ ကြိုက်နှစ်သက်မှု ပိုရှိလာနေပြီဖြစ်သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

*** ဥရောပနိုင်ငံများ၏ ပန်းစိုက်ပျိုးမှုကိုလေ့လာမည်ဆိုလျှင် အများစုမှာ မှန်လုံအိမ်များဖြင့် စိုက်ပျိုးလေ့ရှိပြီး လိုအပ်သည့်အပူချိန်ရရှိစေရန် လောင်စာစွမ်းအင် အသုံးပြုရပါသည်။ ကမ္ဘာ့နိုင်ငံများတွင် ဖွံ့ဖြိုးမှုအရကြည့်သော် ဥရောပနိုင်ငံများသည် အခြားနိုင်ငံများထက်စော၍ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် အခြားကမ္ဘာ့တောင်ပိုင်းနိုင်ငံများထက် လူနေမှုအဆင့်အတန်းမြင့်မားမှုနှင့်အတူ ပန်းအသုံးပြုမှုပိုများခြင်းဖြစ်သည်။ အစဉ်အလာအားဖြင့် ပန်းစိုက်ပျိုးရေးကို လွှမ်းမိုးထားသည်ဆိုသော်လည်း ယခုအခါတောင်ပိုင်းနိုင်ငံများအနေဖြင့် ပန်းစိုက်ပျိုးမှုတိုးချဲ့လာသည့်အပြင် စရိတ်အရနှိုင်းယှဉ်ကြည့်မည်ဆိုလျှင် များစွာသက်သာနေခြင်းကလည်း ကမ္ဘာ့ပန်းစျေးကွက်တွင် ယှဉ်ပြိုင်မှုပိုမိုများလာတော့မည်**

တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်၌ ဒုတိယအကြိမ် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

တာချီလိတ် သြဂုတ် ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ဝါတွင်းသုံးလတာကာလအတွင်း သံဃာတော်များ၊ သာမဏေများနှင့် သီလရှင်များ ဆွမ်း၊ ခဲဖွယ်နှင့် နေ့စဉ်အသုံးအဆောင်လိုအပ်ချက်များပြတ်လပ်မှုမရှိစေရန်ရည်ရွယ်၍ စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲကို သြဂုတ် ၅ ရက် နံနက်ပိုင်းက တာချီလိတ် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပရာ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ကျော်မင်းထွန်း၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊

ရွှေတိဂုံစေတီဂေါပက ဥက္ကဋ္ဌ ဦးဇော်မြင့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

ထို့နောက် တက်ရောက်လာသူများက ငွေတောင်ဦးကမ္ဘာ့ဌာန်းကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဝိရောစန၊ မဟာဂန္ဓဝါစကပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဒမ္မ ဇောတိက ၆၇ (VIPASSANA BHAVANA MCU. THAILAND) ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူမှုများကို ဝါတွင်းကာလအတွင်း လေးကြိမ်ခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ယနေ့တွင် ဘုန်းတော်ကြီးကျောင်း ၃၉ ကျောင်းမှ ကျောင်းထိုင် ဆရာတော်များ၊ သာမဏေများ၊ သီလရှင်များအား ဆွမ်းဆန်စိမ်းများ လောင်းလှူပြီး ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရွှေမြိုင်သူ(ပြန်/ဆက်)

မိုးစပါးစိုက်ပျိုးခြင်း ကွင်းဆင်းသရုပ်ပြ

မြစ်ကြီးနား သြဂုတ် ၅

ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်တို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းဆင်းသရုပ်ပြပွဲကို ယနေ့ နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် စီတာပူမြောက်ကွင်း မိုးစပါးလျာထားဧက ၄၇ ဧကရှိ တောင်သူဦးဆွတ်ရိန်၏ ကွင်းအမှတ်(၁၁) မိုးစပါးစိုက်ကွင်းနေရာ၌ ပြုလုပ်သည်။

အဆိုပါသရုပ်ပြပွဲသို့ မြစ်ကြီးနားခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ မြစ်ကြီးနား ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း ဦးဆောင်၍ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းဆွေ၊ ခရိုင်စက်မှုလယ်ယာဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ တောင်သူလယ်သမားများတက်ရောက်ကြပြီး ဒေသခံတောင်သူများအား ဌာနဆိုင်ရာတာဝန်ရှိသူများက ပျိုးထောင်နည်းစနစ်၊ ကောက်စိုက်စက်အတွက် သမန်းပြုပြင်ရန်လိုအပ်ချက်များနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ စက်မှုလယ်ယာကူးပြောင်းစို့ ဆောင်ပုဒ်နှင့် အညီ စက်မှုဆိုင်ရာအချက်အလက်များ၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ပြောင်းလဲရန် တိုက်တွန်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသော ဒေသခံတောင်သူလယ်သမားများက သိရှိလိုသည်များအား မေးမြန်းမှုအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဇော်ဘီ

ရပ်စောက်မြို့နယ်၌ မှိုစိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်

ရပ်စောက် သြဂုတ် ၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော မှိုစိုက်ပျိုးရေး တောင်သူနည်းပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို သြဂုတ် ၅ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်နှင့် ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့်တို့က အမှာစကားများ ပြောကြားပြီး ပြင်ဦးလွင် မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ ခြံဦးစီးမှူး ဒေါ်ထွေးထွေးအောင်က တောင်သူသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို သြဂုတ် ၅ ရက်မှ ၇ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းနည်းပြများက သင်တန်းတွင် ဒေသခံစိုက်ပျိုးရေး တောင်သူ ၇၀ တို့အား မှိုမျိုးစေ့ထုတ်လုပ်ခြင်း၊ မှိုစိုက်ပျိုးရေးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးနှင့် G.A.P စနစ်ဆိုင်ရာ အလေ့အထကောင်းများကို စာတွေ့လက်တွေ့ အသိပညာပေး ပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပခုက္ကူမြို့နယ်၌ ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းများလက်တွေ့သရုပ်ပြ

ပခုက္ကူ သြဂုတ် ၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကျန်းမာရေးအဆင့်မြှင့်ကျောင်းလုပ်ငန်းများ လက်တွေ့သရုပ်ပြသ အသိပညာပေးလုပ်ငန်းကို ယနေ့တွင် ဒေသန္တရ ကျန်းမာရေးဌာန၌ ဆောင်ရွက်ရာ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဝေဝေဦးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာသိန်းဇော်တို့က ကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းများနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များ အကြောင်း အသိပညာပေး ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းများ အတွက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေး၊ ရောဂါနှိမ်နင်းရေး လုပ်ငန်းများကို လက်တွေ့သရုပ်ပြသ အသိပညာပေးခြင်း၊ ဆေးလိပ်ဆေးရွက်ကြီး၊ ဘိတ် (Vape)၊ အရက်အန္တရာယ် ကင်းဝေးရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ ပိုးသတ်ဆေးအရောင်းဆိုင်များ၌ သြဂုတ် ၅ ရက် နံနက်ပိုင်းတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ အဆိပ်ရှိပစ္စည်းများဖြစ်သည့် Thiamethoxam နှင့် Clothianidin ပိုးသတ်ဆေးတို့သည် ပိတ်ပင်ထားသည့် ပိုးသတ်ဆေးအဖြစ် သတ်မှတ်လိုက်ကြောင်း အသိပညာပေးကာ တားမြစ်ညွှန်ကြားချက်များအား ကွင်းဆင်းစစ်ဆေးပေးစဉ်။

ငွေဇင်ယော်(ထားဝယ်)

ကော့သောင်းမြို့ အထက(၂) ၌ လူငယ်ကဏ္ဍမြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

ကော့သောင်း သြဂုတ် ၅

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ကော့သောင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းအား ဆက်လက်ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဆန်းဝင်းက ဦးဆောင်သူအဖြစ် ဆောင်ရွက်၍ Grade11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကျန်းမာရေးခေါင်းစဉ်၊ လူငယ်နှင့်အားကစားခေါင်းစဉ်၊ လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်၊ လူငယ်နှင့် ဘာသာရေးခေါင်းစဉ်တို့ဖြင့် အသီးသီးပြောကြားရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများအပေါ် သိလိုသည်များကို မေးမြန်းကြပြီး ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြကာ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

ညောင်တုန်း သြဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ကျီးကန်းသိုက် ကျေးရွာ၌ကျင်းပရာ ပြည်သူ့လွတ်တော်ကိုယ်စားလှယ် ဦးအောင်မြသန်းက အမှာစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ကျော်ဦးက အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၂၀ အား သြဂုတ် ၅ ရက်မှ စက်တင်ဘာ ၃ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ် တောတွင်းသစ်ပင်၊ အကုန်စုပ် တို့တွေ့ရှုသွင်း၊ လေသန့်ရှင်း မချင်းရမှာ၊ တောကသာ

ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ရန်ကုန်) ၏ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် သြဂုတ် ၅

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း (ရန်ကုန်)၏ အခြေခံပညာအလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများ ပညာရေးစီမံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၉/၂၀၂၆) သင်တန်းဆင်းအခမ်းအနားကို သြဂုတ် ၁ ရက်က အဆိုပါသင်တန်းကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဆရာကြီး ဦးမျိုးဝင်းအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီးနောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ပေးအပ်ကာ ကျောင်းအုပ်ကြီးက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးသည်။ အဆိုပါသင်တန်းကို ဇူလိုင် ၄ ရက်မှ သြဂုတ် ၁ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ၂၉၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန် /ဆက်)

ဥတ္တရသီရိမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

နေပြည်တော် သြဂုတ် ၅

နေပြည်တော် ဥတ္တရသီရိမြို့နယ် ကျွဲရှင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အဆိုပါ ကျောင်းဝင်းအတွင်း၌ ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က အမှာစကား ပြောကြားသည်။

ထို့နောက် စာရေးဆရာကြီး ကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ အသိပညာဗဟုသုတမေးခွန်းများ မေးမြန်းဆွေးနွေး၍ အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတရသ စာအုပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။ **အောင်မျိုးဝင်း(ဥတ္တရ)**

ပွင့်ဖြူမြို့နယ်ရှိ စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်များအား ဈေးနှုန်းမြှင့်တင်ရောင်းချမှုမရှိစေရေး စစ်ဆေး

ပွင့်ဖြူ သြဂုတ် ၅

ပွင့်ဖြူမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဆေးပစ္စည်းအရောင်းဆိုင်များတွင် ဓာတ်မြေသြဇာများ တောင်သူများထံ ဖြန့်ဖြူးရောင်းချရာ၌ ရည်ညွှန်းဈေးထက် ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေးအတွက် သြဂုတ် ၄ ရက်တွင် ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် ဌာနဆိုင်ရာများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဒေသတွင်းရှိ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ ယူရီးယားဓာတ်မြေသြဇာ၊ ကွန်ပေါင်းဓာတ်မြေသြဇာများ ဖြန့်ဖြူးရောင်းချပေးရာတွင် သတ်မှတ်ထားသော ရည်ညွှန်းဈေးအတိုင်း စနစ်တကျရောင်းချရန် ဆွေးနွေးမှာကြားပြီး လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ပန်းတောင်းမြို့နယ်၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာ ရောင်းချပေး

ပန်းတောင်း သြဂုတ် ၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို ယနေ့ နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာဈေးကြီး၌ ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ ရောင်းချနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှူဆောင်အရာရှိ ဦးရန်လင်းအောင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)

တိုက်ကြီးမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

တိုက်ကြီး သြဂုတ် ၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး

ဟောပြောပွဲကို ယမန်နေ့က လသာကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က လူငယ်များကို နိုင်ငံတော်က အားကိုးအားထားပြုရသော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန်၊ စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ထက်မြက်ပြီး အမှားအမှန်ကို ခွဲခြားသိမြင်နိုင်စေရန်၊ ကိုယ်ကျင့်တရား ကောင်းမွန်ကာ စိတ်ဓာတ်မြင့်မားသည့် လူငယ်များဖြစ်လာစေရန် ဟောပြောသည်။

ထို့နောက် အသိပညာပေး နံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် သမဝါယမအသင်းစုက အများပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် သြဂုတ် ၅ ရက် နံနက်ပိုင်းတွင် စံပြအရောင်းဆိုင်၌ ကြက်ဥအလုံးရေ ၄၀၀၀ ကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ပြီး ကုန်မျိုးစုံ၊ လူသုံးကုန်နှင့် လျှပ်စစ်ပစ္စည်းမျိုးစုံကို နေ့စဉ်ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးစဉ်။ ၂၂၁

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၈-၂၀၂၆ ကြာသပတေးနေ့

MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဆရာတော်များက ပရိတ်တရားတော်ရွတ်ဖတ်ပူဇော်ခြင်း
- ၀၆:၃၀ ပဋ္ဌမတိပိဋကရရ တိပိဋကကောဒိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒန္တသိရိနန္ဒာဘိဝံသ (ယောဆရာတော်)၏ ထေရုပ္ပတ္တိ (အပိုင်း-၄)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၀ နဝဂ်ဥပါသထသီလပေးတရားတော်
- ၀၉:၃၀ NRC အစီအစဉ်
- ၁၀:၃၅ နိုင်ငံစီးပွားမြင့်မားဖိုထိုးသယ်ဇာတသိန်းသိမ်းစို့
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၀ MRTV National News
- ၁၄:၄၅ ပျိုးဂုဏ်တင့်ဝေဆိုကရေးတီးအပွ
- ၁၅:၃၅ နိုင်ငံတော်သာယာပို့သဘာဝပတ်ဝန်းကျင်ထိန်းကြွေစို့(ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြောင်းအရာ)
- ၁၆:၄၀ နေ့စဉ်ဆန်းသစ်သီပွဲဇောတ်
- ၁၆:၅၀ ဝိုင်းဝန်းကြိုးစားပါကဏ္ဍမြင့်မား
- ၁၇:၁၀ Soccer View
- ၁၇:၃၀ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ဆုတောင်းပေတ္တာတေးကဗျာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'ဝေ့ဟတ်ဆုံးသွားသော နေ့ရက်များ'** (အပိုင်း-၂၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
- ၂၁:၀၀ ဆုတောင်းပေတ္တာတေးကဗျာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'နှတ်ချို့သို့ချစ်ခင်း'** (အပိုင်း-၃၇)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

mtv

- 07:02 Evergreen Classic: Ma Lay Lat Khat Than
- 07:08 The Greatest Traditional Custom
- 07:40 Topical Topics: Bamboo Shoot
- 07:46 Malikha & Fairy Island
- 08:26 Asia Updates; Folk House Inn; Four Seasons A
- 08:48 Development Endeavours for The People; Urban Environment Conservation and Cleansing Department (UECCD)
- 09:01 Alms Bowl
- 09:21 The Ornithologist:Dr.Thein Aung
- 09:52 Listening Pleasure, Instrumental Music (Horn Violin) Aung

Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ရွှေရောင်အနာဂတ်'** (အပိုင်း-၁၂)
- ၀၈:၀၅ စတီရီယိုတေးများ
- ၀၈:၃၀ ရုပ်စုံသတင် **'ပဟာစုဒွေ၀င်ဘာထွက်ခန်း ဇာတ်ငတော်'**
- ၀၉:၅၀ Japanese Singles Chart (19)
- ၁၀:၂၀ မြန်မာရုပ်ရှင်(ဖြူမည်း) **'တစ်ဦးကဝတနာ တစ်ဦးကပေတ္တာ'**

MRTV NRC

- ချင်း (လိုင်ဝိုး) (၀၆:၀၀ မှ ၀۷:၀၀) ဓါတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်
- ချင်း (ချီး) (၀۷:၃၀ မှ ၀၈:၀၀) ချင်း(ချီး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂၂)
- မွန် (၀၈:၀၀ မှ ၁၀:၀၀) ထန်းပင်ပေါ်ကတိုင်ပေဝေ
- ရခိုင် (၁၀:၀၀ မှ ၁၂:၀၀) အနောက်ရိုးမတစီးကျတေးသံတိ(အပိုင်း-၁)
- ရှမ်း (၁၂:၀၀ မှ ၁၄:၀၀) ပို့ရဲ့ကောင်းကျိုးသိုးကျိုး
- ၀ (၁۷:၀၀ မှ ၁۸:၀၀) တေးသံရှင်အက်တောင်းနှင့်တွေ့ဆုံခြင်း
- ကချင် (၁۸:၀၀ မှ ၁၈:၀၀) ပူတာအိုးရိုင်ပန်းလှိုင်ရပ်ကွက်မှတိုးတူလုပ်ငန်း
- ကယား (၁၈:၀၀ မှ ၂၀:၀၀) ကယားရိုးရာတူရိယာပြုလုပ်ခြင်း
- ၀ေကကကရင် (၂၀:၀၀ မှ ၂၁:၀၀) ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
- အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) စီးပွားဖြစ်တဲ့ပီလောပီန်
- အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) စာပေစကားပြောကြရအောင်(အပိုင်း-၅)

MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လွပ်လွပ်ရှားရှား အားကစား
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁۷:၀၀ MRTV National News
- ၁۸:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၈:۷၅ Football Highlights
- ၁၈:၁၅ ပင်ဂလာမျှော်လင့်ခြင်းလယ်ယာမြေ(အပိုင်း-၂)
- ၁၈:۷၅ ကမ္ဘာ့နန်းကျင်ဝီဝမျိုးကွဲစုံလင်
- ၁၉:۷၅ ပေ့ဂျာလေ့လာအေအိုင်နည်းပညာ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ တတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကျင်းပမှု (Repeat)
- ၂၀:၀၀ ပြည်တွင်းသတင်း(၆-၈-၂၀၂၆)

MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၀ မြန်မာလူမျိုးတို့ရဲ့ပပါးမြစ်အစားအစာ နေပြည်တော်ရဲ့ရှေဥဒေါင်းပဲကြော်
- ၀۷:၀၀ စိုက်ပျိုးပွားပြုသုတာဘက် **'မြန်မာ့စိုက်ပျိုးရေးနှင့် စက်မှုလယ်ယာကဏ္ဍ'**
- ၀၈:၀၀ ဗတ်စရာမှတ်စရာ ဆောင်းပါးကဏ္ဍ
- ၀۹:၀၀ တန်ဖိုးရှိသောမြန်မာ့ထုတ်ကုန်များ သီသို့
- ၁၀:၃၀ မြန်မာဇာတ်လမ်းတွဲ "The Forest" (ဇာတ်သိမ်းပိုင်း)

MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:۷၀ Sports Diary
- ၀၆:۷၀ World Soccer Preview
- ၀၈:၀၀ (၃၃)ကြိမ်မြောက် SEA Games ပြိုင်ပွဲ (အမျိုးသား)ဘော်လီဘောပြိုင်ပွဲ (Replay) (မြန်မာနှင့် စင်ကာပူ)
- ၁۹:၀၀ အားကစားသတင်း

Scan Here: MRTV, MRTV, MRTV Radio, MRTV Radio

Education Channel ကို ရေးမြို့ နုကတ် (၉-၀၆)ရုပ်မှ ကင်ကြေးပိုလျှံ (၄)ရုပ်၊ (၆)ကြေးနန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ရန်ကုန်မြို့ အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၅)နေရာအတွက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး/လစာနှုန်း(ကျပ်)	လစ်လပ်	ပညာအရည်အချင်း
(က)	အင်ယင်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)	(၄၀) နေရာ	အခြေခံပညာအထက်တန်းအောင် ကွန်ပျူတာသင်တန်းဆင်း လက်မှတ်ရရှိသူ
(ခ)	ယာဉ်မောင်း(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	(၄) နေရာ	အခြေခံပညာအလယ်တန်းအဆင့်ရှိသူ၊ ယာဉ်မောင်းလိုင်စင်(ခ)အဆင့် ရရှိပြီး လုပ်ငန်းအတွေ့ အကြုံ(၂)နှစ်ရှိသူ
(ဂ)	လုံခြုံရေး(၅) (လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀)	(၃) နေရာ	အခြေခံပညာအလယ်တန်းအဆင့်ရှိသူ၊ လုံခြုံရေးလုပ်ငန်းအတွေ့အကြုံရှိသူ
(ဃ)	သန့်ရှင်းရေးအကူ (လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀)	(၄) နေရာ	အခြေခံပညာမူလတန်းအဆင့်ရှိသူ

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး၊ အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်အထက်မကျော်လွန်သူဖြစ်ရမည်။ အမှတ်စဉ်(ဂ)နှင့် (ဃ)ရာထူးနေရာများအတွက် အသက်ကန့်သတ်ချက်ကို ကျန်းမာရေးအခြေအနေနှင့် လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ လျှော့ပေါ့စဉ်းစားပေးမည်။ **ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက် (၃)နှစ်တိုးမြှင့်၍ လက်ခံပေးမည်ဖြစ်ပါသည်။**
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(င) အနည်းဆုံးလုပ်သက်(၂)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ စာမေးပွဲဝင်ကြေး ငွေကျပ်(၂၀၀၀/-) (ကျပ်နှစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃) စာရင်းအမှတ် (CF 000513)သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်-
(က) လျှောက်ထားသည့်ရာထူးအမည်၊
(ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
(ဂ) မွေးနေ့သက္ကရာဇ်နှင့် အသက်၊
(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊
(င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊
(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
(ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
(စျ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
(ည) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ၊

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
(က) တစ်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၁ လက်မ x ၁.၅ လက်မ) (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ)
(ဂ) အမှတ်စဉ်(က)အင်ယင်တန်းစာရေးရာထူးအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မိတ္တူ) (အောင်လက်မှတ်တွင် မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
(ဃ) သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းတို့မှ (တစ်လအတွင်းရရှိသည့်) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ထောက်ခံချက် (မူရင်း)
(င) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်
(စ) ဝင်ကြေးပေးသွင်းပြီးကြောင်း ပြေစာချလန် (မူရင်း)

၆။ လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း (၅ - ၉ - ၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသောလျှောက်လွှာများ၊ အချက်အလက်များ၊ စာရွက်စာတမ်းမပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသော လျှောက်လွှာများကို (လုံး၀) ထည့်သွင်းလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၈။ အမှတ်စဉ်(က)အတွက် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဖြစ်ပါသည်။ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆ ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၉။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ပြီး၊ ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆ ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၀။ အမှတ်စဉ်(ခ)မှ (ဃ)အထိ ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ Website www.mmftb.gov.mm နှင့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ အမှတ် ၈၀-၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ကြော်ငြာပေးထားမည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက စီမံခန့်ခွဲမှုနှင့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ တယ်လီဖုန်းအမှတ် - ၀၁-၈၃၇၂၁၃၇ -၁၃၈-၁၃၉ ၊ လိုင်းခွဲ(၂၀၂/၂၁၆)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
အမှတ် (၈၀-၈၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၃၇၂၁၃၇ -၁၃၈-၁၃၉ ၊ လိုင်းခွဲ(၂၀၂/၂၁၆)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ စီမံကိန်းအတွင်းရှိ Estella Townhouses ၊ အိမ်အမှတ် (ETH-171)၊ လမ်းအမည် (Lane - 4)၊ ခန့်မှန်းမြေဧရိယာ (၁၂၀) စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံ ဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ချောစုမွန် (၉/ခအစ(နိုင်)၀၀၈၁၆၂) မှ ဖွင့်ဟ၀န်ခံ၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ် စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှ စ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်း အ၀ယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ပန်းဆုဝေ (၇/မလန (နိုင်)၁၀၅၂၉၅)၊ ဖုန်း-၀၉ ၅၃၆ ၆၄၈၅

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပတ္တော်ရပ်ကွက်၊ အကွက် အမှတ် (၂၃)၊ ဦးပိုင်အမှတ်(၂၅)၊ ၈x၉ကြား၊ ၇၄ x ၇၅လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ညိုဇော် (SP ရရှိသူ ဦးသိန်းသန်းဟန်) ထံမှ မှတ်ပုံတင်အရောင်း အ၀ယ်စာချုပ်အမှတ်(၇၅၀/၂၀၂၆)ဖြင့် ၀ယ်ယူခဲ့သူ ဒေါ်ဖြူဖြူဖွေး ၅/ကသန(နိုင်)၀၀၄၂၂၂က အမှုတွဲအမှတ် (၁၅၅၀/၂၀၂၆-၂၀၂၇)ဖြင့်သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၉၈၊ မြေကွက်အမှတ် ၂၁/က၊ ရေယာ(၀.၂၁၂)ဧက၊ မြေကွက်အမှတ် ၂၂/က ၊ ရေယာ (၀.၀၉၂)ဧက၊ မြေအမျိုးအစား- A ရွာမြေ ၃(က)ရပ်မြိ (အိမ်ယာမြေထုတ်ပေး)မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်တွင်ဆောက်လုပ်ထားသည့် အမှတ်(၀/၁၃)၊ သီရိမဂ်လာ (၁၅)လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်တိုက်အိမ်အပါအ၀င် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို လက်ရှိစီမံခန့်ခွဲပိုင်ဆိုင်သူ ဦးသန်းလွင် (၆/ကသန(နိုင်)၀၀၂၆၃၃)ထံမှ အပြီးအပိုင် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီး၊ အဆိုပါရောင်း၀ယ်ခြင်းနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဆိုင်မှုစာရွက် စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ ဦးစောတာကယေါ (LL.B, D.B.L, D.M.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)
တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၄၄၈၀၀၃၃၂

အများသိစေရန်ကြော်ငြာ

ရန်ကင်းမြို့နယ်၊ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ် (Gr-10) အား အမည်ပေါက် ဦးတုံချန်တာ (၁) ဦးချမ်းသာ (၁၃/လရန(နိုင်)၀၈၃၄၆၇)သည် ၎င်းလက်ဝယ်တွင် အဆောက်အအုံနေထိုင်ခွင့်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျွမ်းကျိန်လွှာတို့တင်ပြ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ပြီး ကန့်ကွက်သူ မရှိသဖြင့် ဦးတုံချန်တာ(၁)ဦးချမ်းသာ အမည်ပေါက် အဆောက်အအုံနေထိုင်ခွင့်စာချုပ်မူရင်းအား ပယ်ဖျက်ကြောင်း ကြော်ငြာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာ

ရန်ကင်းမြို့နယ်၊ ရွှေမိုးကောင်းအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ် (Gr+M)14 အား အမည်ပေါက် ဦးတုံချန်တာ (၁) ဦးချမ်းသာ (၁၃/လရန(နိုင်)၀၈၃၄၆၇)သည် ၎င်းလက်ဝယ်တွင် အဆောက်အအုံနေထိုင်ခွင့်စာချုပ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျွမ်းကျိန်လွှာတို့တင်ပြ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဦးတုံချန်တာ (၁)ဦးချမ်းသာ အမည်ပေါက် အဆောက်အအုံနေထိုင်ခွင့်စာချုပ်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်ပါသဖြင့် မူလထုတ်ပေး ထားသည့် ဦးတုံချန်တာ(၁)ဦးချမ်းသာ အမည်ပေါက် အဆောက်အအုံနေထိုင်ခွင့်စာချုပ်မူရင်းအား ပယ်ဖျက်ကြောင်း ကြော်ငြာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/4161 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်သည် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်ရန်ကြော်ငြာစာ

အောင်လံမြို့၊ တရော်ကုန်းရပ်ကွက်၊ မြို့ပတ်လမ်းနေ ဒေါ်လှစိန်(ဘ) ဦးအောင်သန်း၊ ၈/မထန(နိုင်)၀၀၇၀၈၀နှင့် ၎င်း၏သားသမီး(၃)ဦး တို့သည် (၂၃-၁-၂၀၂၆)ရက်နေ့က မိသားတစ်စုအမွေစီမံခွဲဝေမှုပြုလုပ်ခဲ့ရာတွင် သမီးဖြစ်သူ ဒေါ်စိုးခိုင်၏ကိုယ်စား ၎င်း၏သမီးဖြစ်သူ ဒေါ်ဇင်မိုးသူမှ ပါဝင်ခွဲဝေမှုပြုခဲ့သည်ကို ဒေါ်စိုးခိုင် အနေဖြင့် ကျေနပ်မှုမရှိပါက ကြော်ငြာသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဒေါ်လှစိန်

SAGA ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

အောက်ပါဖော်ပြပါကုန်အမှတ်တံဆိပ်ဖြင့် အီလက်ထရွန်နစ်အစိတ်အပိုင်းအချို့ကို ပြည်ပမှ တင်သွင်း၍ လည်းကောင်း၊ အစိတ်အပိုင်းအချို့ကို မြန်မာနိုင်ငံတွင်ထုတ်လုပ်၍လည်းကောင်း တီဗီ၊ ရေခဲသေတ္တာ၊ အ၀တ်လျှော်စက်၊ လေအေးပေးစက်၊ ပန်ကာအမျိုးမျိုး၊ လျှပ်စစ်မီးပူ၊ စပီကာအမျိုးမျိုး၊ မိုက်ခရိုဖုန်း၊ အင်ပလီဖိုင်ရာ၊ ရေသန့်စက်၊ သစ်သီးဖျော်စက် စသည့် အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုးနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုးပေါ်တွင် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားအဖြစ် အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၄၃၀၆)ဖြင့် (၉-၈-၂၀၀၂) ရက်နေ့၌ မှတ်ပုံတင်သွင်းခဲ့ပြီး မြန်မာနိုင်ငံတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ ယခုအခါ အဆိုပါကုန်အမှတ် တံဆိပ်အမည်အမှတ်အသားကို ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ (၂၀၁၉) အရ မူပိုင်ခွင့်ဦးစီးဌာနတွင် မှတ်ပုံတင်နံပါတ်- TM/2024/003481 ဖြင့် မှတ်ပုံတင်လက်မှတ်ရရှိထားပြီး Eco Shine Trading Co., Ltd. မှ ဖော်ပြပါ အီလက်ထရွန်နစ်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိရာ သုံးစွဲသူများကြားတွင် ကောင်းသော ဂုဏ်သတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

SAGA

(မှတ်ပုံတင်နံပါတ်- TM/2024/003481)

သို့ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား တုပပြုလုပ် ၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ လိုက်နာခြင်းမရှိပါက ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသွင်ဇာနည်ဦး (ဥပဒေဘွဲ့)
Diploma in Business Law, Diploma in International Law (UK)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၅၅)
အမှတ်(၁၇၆)၊ ပထမထပ်၊ မိဘရိပ်မွန်ကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၁၈-၂၉၆၁၃၂၂ ၊ ၀၁၈-၂၀၃၄၉၆

သင်္ဘောသားစာအုပ်ပျောက်

ကျွန်တော် မောင်ဝင်းမြင့်အောင် ၁၂/မဘန(နိုင်)၁၁၃၅၁၄၏ သင်္ဘောသား စာအုပ်နံပါတ် 64187 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ဖုန်း-၀၉-၂၆၁၅၆၄၅

CNG ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်ချစ်ဆန်း (၇/သဝတ(နိုင်)၁၀၀၈၉၃) ပိုင်ဆိုင်သော ကားနံပါတ် - 1C/6402 ၏ CNG ဂက်(စ်)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

ဖုန်း-၀၉-၄၂၃၇၂၅၆

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၆၇၉)။ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်မိုးမိုးအေး ၁၂/မရက(နိုင်)၁၀၉၅၄၃၃မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး ဒေါ်မေဇင်ကို (၁၁) ဦးရဲစိုး ၉/ခအဇ(နိုင်)၀၃၁၀၃၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၄၀၃/၁၁၉၈)၊ မြေကွက်တည်နေရာအမှတ်(၁၁၉၈)၊ သီလဝလမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်ခိုင်းစိန် ISN-242238)အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(၈ရန်)မြေအား မြေအမည်ပေါက် ဒေါ်ခိုင်းစိန်(ISN-242238) ၁၂/မရက(နိုင်)၀၃၃၆၉၀မှ နှစ်(၆၀)မြေငှားစာချုပ်(၈ရန်)တင်ပြ၍ မြေကွက်ခွဲမြေပုံနှင့် မြေတိုင်းမြေပုံလျှောက်ထားလာရာ ၂၀၂၃ ခုနှစ်တွင် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းထုတ်ယူခဲ့သော အရောင်းအဝယ်စာချုပ်ရန် မြေပုံမှာ ၎င်း၏လက်ဝယ်၌ ပျောက်ဆုံးသွားခဲ့ပါကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံမူရင်းပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် ကိစ္စအဝဝအား ၎င်းမှတာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ကျွမ်းကျိန်လျှောနှင့် အတူ ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်ခိုင်းစိန်၏ မြေကွက်ခွဲမြေပုံနှင့် မြေတိုင်းမြေပုံ လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6A/8868 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ခိုင် ၁၂/သကတ(နိုင်)၁၆၂၀၆၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ပဲခူး)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၄၄၄)၊ မြေဧရိယာ (၀.၀၄၆)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးတင်မျိုးနိုင် (၅)/ဒပယ(နိုင်)၀၆၁၇၇၉ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/ပုဗ္ဗသီရိအနောက်ရပ်)။ မြေဧရိယာ (၀ ဒသမ ၀၅၅)ဧကရှိ မြေကွက်အမှတ်(၀-၃၂၂၅)ကို အမည်ပေါက် ဦးစိုးကျော် (၁၈) ဦးခင်ကျော် ၁၂/သဃက(နိုင်)၀၆၅၄၆၉ မှ ဒေါ်ခိုင်ခိုင်လင်း (၁၈) ဦးမြင့်သောင်း ၁၂/မဂဒ(နိုင်)၀၀၁၈၈၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာဝင်း (၁၂/သဃက(နိုင်)၀၄၂၅၃၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ပတ္တာကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည်-၂၀၉ ခ ထန်းတော၊ မြေအမျိုးအစား RG_2 လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇ နှင့် ပုံစံ-၁၀၅တွင်

(၁) ဦးပိုင်အမှတ်-၃၇/၁၊ မြေအမျိုးအစား RG_2 ဧရိယာ ၄.၈၉ဧက၊ ဦးဖိုးဆိတ် အမည်ပေါက်

(၂) ဦးပိုင်အမှတ်-၃၇/၃၊ မြေအမျိုးအစား RG_2 ဧရိယာ ၁.၁၈ဧက၊ ဦးဘိုမြင့် အမည်ပေါက်

(၃) ဦးပိုင်အမှတ်-၃၇/၅၊ မြေအမျိုးအစား RG_2 ဧရိယာ ၂.၉၈ ဧက၊ ဦးဝင်းအောင် အမည်ပေါက်

(၄) ဦးပိုင်အမှတ်-၄၁/၁၊ မြေအမျိုးအစား RG_2 ဧရိယာ ၁.၇၂ဧက၊ ဦးဇော်မြင့်ထွန်း အမည်ပေါက် မြေကွက်များနှင့်တကွ ယင်းမြေကွက်များတွင် စိုက်ပျိုးထားသော သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်များဖြစ်ကြသော ဦးဖိုးဆိတ်၊ ဦးဘိုမြင့်၊ ဦးဝင်းအောင်နှင့် ဦးဇော်မြင့်ထွန်းတို့မှာ ဦးဖိုးဆိတ်၏သားသမီး အရင်းအချာများ ဖြစ်ကြပါသည်။ ဖခင်ဖြစ်သူ ဦးဖိုးဆိတ် (၉/တတ၃(နိုင်)၀၆၈၁၁) မှ သားသမီးများ၏ကိုယ်စားတာဝန်ယူ၍ အရှုပ်အရှင်းကင်းစွာဖြင့် မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ၍ ကျွန်ပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာလာဝင်း(၁၂/သဃက(နိုင်)၀၄၂၅၃၀)မှ ဦးဖိုးဆိတ်ထံသို့ ရောင်းကြေးငွေအဖြစ် ရောင်းကြေး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ပ်ထံသို့ဖြစ်စေ၊ ကျွန်ပ်၏မိတ်ဆွေထံသို့ဖြစ်စေ ခိုင်လုံသော တရားဝင်စာရွက်စာတမ်း၊ အထောက်အထား(မူရင်းများ)နှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာလာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပွင့်ဖြိုးဝေ B.A (Business Law),M.A (Business Law), LL. B, D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၄၃)
အမှတ်-၇/B၊ လမ်းသစ်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၅၄၇၇၉၇၇၄

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၃၃)။ မြေဧရိယာ (၀.၀၆ဝ)ကေရှိ မြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးစိုးသန်း(ခ)ဒေါ်ရာသိမ် (၉/မမန(နိုင်)၀၃၉၀၀၄) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်(၃/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၈၂-က)၊ မြေဧရိယာ (၀.၀၆ဝ) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ရန်တုတ်မေမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ် (၃၆/ပြည်တော်သာ)၊ ဦးပိုင်အမှတ်(၂)၊ မြေဧရိယာ (၀.၀၆၄)ဧကရှိ မြေကွက်အား မြေငှားဂရန် (မိတ္တူမှန်) လျှောက်ထားနိုင်ရေး ဒေါ်ခင်သက် (၉/မမန(နိုင်)၀၂၆၆၁၅) မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၇၅-စ)၊ မြေဧရိယာ(၀.၂၈)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ခင်ဆွေမြင့် (၉/မရမ(နိုင်)၀၉၂၆၆၃) မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်း မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားရိပ်သာလမ်း၊ အမှတ် (၂၂) ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၆၁/ကံဘ)၊ မြေကွက်အမှတ် (၇/၀)၊ အကျယ်အဝန်း (အလျားပေ ၄၀x အနံပေ၆၀)၊ ဧရိယာ (၀.၀၅၅)ကေရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိမြို့၊ မြေစာရင်းမှတ်တမ်းတွင် ဒေါ်နန်းဖြူနင်း (၁၃/ကတန(နိုင်)၀၆၃၀၀၆)အမည်ပေါက်ပိုင်ဆိုင်၍ ၎င်းထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးမင်းလတ် (၁၃/လရန(နိုင်)၀၀၄၉၅၅) မှ လက်ဝယ်ထားလျက် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့် ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ပ်ထံသို့ ဤကြော်ငြာပါရှိသည့်ရက်မှစတင်၍ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် -၁၂၄၆၈)
အမှတ်-၁၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွှန်ရုပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၄၇

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် (၂/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၄၄)။ မြေဧရိယာ (၀.၀၆ဝ)ကေရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ရန်တုတ်မေမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၇၅-ခ)၊ မြေဧရိယာ(၀.၂ဝ)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ခင်ဆွေမြင့် (၉/မရမ(နိုင်)၀၉၂၆၆၃) မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၃/ဃ)၊ ဧရိယာ (၀.၁၂၃)ကေအနက် (၀.၀၇၅)ကေရှိမြေသည် ဦးမြအောင် အမည်ဖြင့်ရရှိထားပြီး ဦးမြအောင်ထံမှ ဒေါ်ဇင်မာမျိုးသည်လည်းကောင်း၊ ဒေါ်ဇင်မာမျိုးထံမှ ဒေါ်စန်းစန်းဦးသည်လည်းကောင်း၊ ဒေါ်စန်းစန်းဦးထံမှ ဦးကြည်မောင်သည်လည်းကောင်း၊ ဦးကြည်မောင်ထံမှ ဦးဆန်းကိုလတ်သည်လည်းကောင်း စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လာပြီး နှစ်ရှည်မြေငှားဂရန်ပထမအကြိမ် ချထားပေးပါရန် ကျမ်းကျိန်လွှာ၊ အရောင်းအဝယ်စာချုပ် မိတ္တူများ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေ စာရင်းပုံစံ (၆၆/၆)တို့နှင့်အတူ လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှ စတင်၍ (၁၅) ရက်အတွင်း နိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက်တစ်စုံတစ်ရာမရှိပါက ဦးစိန်တင်၏ လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့

အများသိစေရန်ကြေညာခြင်း

